မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၁၉] ရန်ကုန်မြို့ { ၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက် (၂၀၂၁ ခုနှစ်၊ မေလ ၇ ရက်) } သောကြာနေ့ [အတွဲ ၇၄

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် (၁၃/၂၀၂၁)**

**မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ**

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၂၃ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၂။ ဤဥပဒေကို **မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၃။ ဤဥပဒေသည်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့် အညီ တာဝန်များပြီးမြောက်ပြီးနောက် ကျင်းပသည့် ရွေးကောက်ပွဲအရ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့ကို ဖွဲ့စည်းပြီးသည့်နေ့ရက်အထိ အာဏာတည်ရမည်။

၄။ ဤဥပဒေအာဏာတည်လျက်ရှိနေသမျှကာလပတ်လုံး မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ၏ အခန်း(၄)၊ (၅) နှင့် (၆) တို့ကို ရပ်သိမ်းထားဘိသကဲ့သို့ မှတ်ယူစေရမည်။

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၇၉/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၃၁ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်ဦး ကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၈၀/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၃၁ ရက်)

**ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ "ပဋိပက္ခအတွင်းလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ" ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | အဖွဲ့ဝင်<br>တပ်မတော်၏ငြိမ်းချမ်းရေးဆွေးနွေးမှုကော်မတီ | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဆ) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (ဈ) | အမြဲတမ်းအတွင်းဝန်<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | အမြဲတမ်းအတွင်းဝန် (အလုပ်သမားရေးရာ)<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | အမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူးချုပ်<br>အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ညွှန်ကြားရေးမှူးချုပ်<br>ပြန်လည်ထူထောင်ရေးဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (ထ) | ကိုယ်စားလှယ်တစ်ဦး<br>စစ်ရေးချုပ်ရုံး | အဖွဲ့ဝင် |
| (ဒ) | ကိုယ်စားလှယ်တစ်ဦး<br>စစ်ဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| (ဓ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် | အဖွဲ့ဝင် |
| (န) | ညွှန်ကြားရေးမှူးချုပ်<br>လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် မြန်မာနိုင်ငံ အစိုးရနှင့် ကုလသမဂ္ဂတို့အကြား လက်မှတ်ရေးထိုးထားသော ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ

အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဆိုင်ရာ ပူးတွဲကြေညာချက်ပါ ဆောင်ရွက်ရမည့် ကဏ္ဍများအနက် ဦးစားပေးဆောင်ရွက်ရမည့် ကဏ္ဍများကို သတ်မှတ်၍ အရှိန်အဟုန်တိုးမြှင့်အကောင်အထည်ဖော်ရေး ဆောင်ရွက်ရန်၊

( ခ ) ပူးတွဲကြေညာချက်အား အကောင်အထည်ဖော်ရန်အတွက် အမျိုးသားအဆင့် လုပ်ငန်းစီမံချက်တစ်ရပ်ကို ပြည်တွင်း၌ ညှိနှိုင်းရေးဆွဲရန်၊

( ဂ ) လုပ်ငန်းစီမံချက်ရေးဆွဲရာတွင် ကုလသမဂ္ဂနှင့် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်ရုံးတို့မှ နည်းပညာနှင့် အကြံဉာဏ်များ ရယူနိုင်ရေးဆောင်ရွက်ရန်၊

(ဃ) ပူးတွဲကြေညာချက်အား အကောင်အထည်ဖော်ရာတွင် တိုးတက်မှုရလဒ်များကို စုစည်းပြုစု၍ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ကုလသမဂ္ဂနှင့် နိုင်ငံတကာသို့ အသိပေးသွားရန်၊

( င ) ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးနှင့် စပ်လျဉ်းပြီး ပြန်ကြားရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ သတင်းမီဒီယာများမှတစ်ဆင့် လူထုအား အသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန်။

၃။ ကော်မတီသည် လိုအပ်သည့်လုပ်ငန်းကော်မတီများကို ဖွဲ့စည်းဆောင်ရွက်သွားရန်နှင့် အမျိုးသားအဆင့်ကော်မတီအဖွဲ့ဝင်များ ပြင်ဆင်၊ ဖြည့်စွက်လိုပါက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ တင်ပြဆောင်ရွက်ရန်ဖြစ်သည်။

၄။ "မူ" အရ ဆုံးဖြတ်ခြင်းမပြုနိုင်သောကိစ္စများနှင့် အမျိုးသားအဆင့်ကော်မတီ၏ အစီရင်ခံစာအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ တင်ပြဆောင်ရွက်ရန်ဖြစ်သည်။

၅။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၉ ခုနှစ်၊ မတ်လ ၂၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၁/၂၀၁၉၊ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၅/၂၀၁၉ နှင့် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၀/၂၀၂၀ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

**အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်
(၂၀၂၁ ခုနှစ်၊ မတ်လ ၂၁ ရက်)

**မတရားအသင်းအဖြစ် ကြေညာခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် တရားမဝင်ဖွဲ့စည်းထားသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (Committee Representing Pyidaungsu Hluttaw–CRPH) နှင့် အဖွဲ့ဝင်များ၊ ယင်းကော်မတီက ဖွဲ့စည်းထားသော အဖွဲ့အစည်းများ၊ ယင်းကော်မတီ၊ အဖွဲ့အစည်းများနှင့် ဆက်နွှယ်သည့် ပုဂ္ဂိုလ်များ၏ ရည်ရွယ်ချက်နှင့် လုပ်ရပ်များမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏

တရားဥပဒေစိုးမိုးရေးကိုလည်းကောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုလည်းကောင်း၊ အများပြည်သူတို့၏ အေးချမ်းသာယာရေးကိုလည်းကောင်း အနှောင့်အယှက်အန္တရာယ်ဖြစ်စေသည်ဟု ယုံကြည်ယူဆသည်။

၂။ သို့ဖြစ်ပါ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက မတရားအသင်းများအက်ဥပဒေပုဒ်မ ၁၆ အရ အထက်ဖော်ပြပါ ကော်မတီ၊ ယင်းကော်မတီက ဖွဲ့စည်းသော အဖွဲ့အစည်းများကို မတရားအသင်းများ အက်ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ (၂) ပါ အဓိပ္ပာယ်ဖော်ပြချက်များနှင့်အညီ မတရားအသင်းအဖြစ် ကြေညာလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၁၄၉/၂၀၂၁)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်
(၂၀၂၁ ခုနှစ်၊ မတ်လ ၁၇ ရက်)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့၊ ဥဿာ (၉) ရပ်ကွက်၊ ကွင်းအမှတ်/ အမည်– အထူးဇုန်–၂၊ မြေကွက်အမှတ် (၈၊ ၉၊ ၁၀၊ ၁၁) တို့ရှိ **မြေဧရိယာ ၂၀.၀၀ ဧက** အား **သစ်အချောထည်စက်ရုံ၊ ဘိလပ်မြေဖျော်စက်လုပ်ငန်းနှင့် အခြားအထွေထွေစက်မှုလုပ်ငန်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ **(၁၄,၄၀၀,၀၀၀/-)** နှုန်းဖြင့် **ဦးဝင်းဆွေ [၁၂/လသန (နိုင်) ၀၀၇၃၅၇]** သို့ အောက်မြန်မာနိုင်ငံမြို့နှင့်ကျေးရွာမြေများနည်းဥပဒေ ၉ (ဂ) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

### အမိန့်ကြော်ငြာစာအမှတ် (၁၅၀/၂၀၂၁)

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ပင်းအိုကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည်– ၃–O.S.S /ပင်းအိုကြေးတိုင်ပြင်ကွင်း၊ ဦးပိုင်အမှတ် (၁၇၁/၁) ရှိ မြေဧရိယာ ၅.၁၆ ဧက၊ ဦးပိုင်အမှတ် (၁၇၁/၂) ရှိ မြေဧရိယာ ၂.၀၇ ဧက၊ ဦးပိုင်အမှတ် (၁၇၃/၁) ရှိ မြေဧရိယာ ၄.၃၈ ဧက၊ ဦးပိုင်အမှတ် (၁၇၃/၂) ရှိ မြေဧရိယာ ၃.၈၉ ဧက၊ ဦးပိုင်အမှတ် (၁၇၄/၁) ရှိ မြေဧရိယာ ၃.၉၀ ဧက၊ ဦးပိုင်အမှတ် (၁၇၄/၂) ရှိ မြေဧရိယာ ၆.၁၀ ဧက၊ ဦးပိုင်အမှတ် (၁၇၅) ရှိ မြေဧရိယာ ၁၀.၀၀ ဧကနှင့် ဦးပိုင်အမှတ် (၁၇၆/၁) ရှိ မြေဧရိယာ ၃.၀၀ ဧက၊ **စုစုပေါင်းမြေဧရိယာ ၃၈.၅၀ ဧက** အား စက်ရုံမြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ (၄,၁၅၈,၀၀၀/-) နှုန်းဖြင့် **ဦးထွန်းထွန်းဝင်း [၆/မအရ (နိုင်) ၀၀၀၆၁၈] ဥက္ကဋ္ဌ၊ ဖိုးလမင်းရာဘာစက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်** သို့ အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၃၇ (က) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

### အမိန့်ကြော်ငြာစာအမှတ် (၁၅၁/၂၀၂၁)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်
(၂၀၂၁ ခုနှစ်၊ မတ်လ ၁၉ ရက်)

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့၊ ပြူကံရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၇၉၆/ဘူတာရုံ)၊ မြေကွက်အမှတ် ($F\frac{၁၆၉}{၇၃၈}$) ရှိ **ပြူကံကျောင်းတိုက် မူလသာသနာမြေဧရိယာ ၂.၆၀ ဧက**

အနက်မှ **၀.၀၂၁ ဧက** ကို ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြား သတ်မှတ်လျက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၃ (က)နှင့်အညီ သိမ်ဒါယကာ ဦးငြိမ်းချမ်းအောင် [၅/စကန(နိုင်)၂၂၀၃၂၅] အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၅၆/၂၀၂၁)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၂၁ ရက်)

၁။ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက် (၇)၊ အကွက်အမှတ်/အမည်– မြေတိုင်းရပ်ကွက်အမှတ်(၃)၊ ဦးပိုင်အမှတ် (၇၂A) ရှိ **မြေဧရိယာ ၁.၀၁၄ ဧက** အား **ပဲခူးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသည့်မြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၆၇/၂၀၂၁)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၂၉ ရက်)

၁။ ချင်းပြည်နယ်၊ မင်းတပ်ခရိုင်၊ မင်းတပ်မြို့၊ အရှေ့ပြင်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် [၄ (က)/အရှေ့ပြင် (ကွက်သစ်)]၊ ဦးပိုင်အမှတ် (၁၈)၊ မြေကွက်အမှတ် (၂၂)၊ **မြေဧရိယာ ၀.၀၈၇ ဧက** ရှိ မြေအား **မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့၊ တပ်ဖွဲ့စု (မင်းတပ်)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထဲရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထဲရေးဝန်ကြီးဌာန က** အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၁၅ ရက်)

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ (COVID–19) ကြောင့် ထိခိုက်မှုဖြစ်ပွားခဲ့သည့်လုပ်ငန်းများ၏ စီးပွားရေးသက်ရောက်မှုများအပေါ် **အားလုံးတစ်ပေါင်းတည်း ကျော်လွှားခြင်း COVID–19 စီးပွားရေး ကုစားမှုအစီအစဉ် (COVID–19 Economic Relief Plan)** နှင့်အညီ အကောင်အထည်ဖော် ကုစားပေးနိုင်ရေးအတွက် ထုတ်ပြန်ထားသည့် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေဆိုင်ရာအမိန့် (နိုင်ငံတော်သမ္မတရုံး၏ ဥပဒေကဲ့သို့အာဏာတည်သော

အမိန့်အမှတ်၊ ၁/၂၀၂၀) အပိုဒ် ၅ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

## အခန်း(၁)

## အမည်၊ အကျိုးသက်ရောက်စေခြင်းနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ

၁။ ဤလုပ်ထုံးလုပ်နည်းများကို **ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဆိုင်ရာ အမိန့်နှင့်စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများ** ဟုခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းများသည် ၂၀၂၀-၂၀၂၁ စည်းကြပ်နှစ်အတွက် အကျိုးသက်ရောက်စေရမည်။

၃။ ဤလုပ်ထုံးလုပ်နည်းများတွင် ပါရှိသော စကားရပ်များသည် ဝင်ငွေခွန်ဥပဒေနှင့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတို့တွင် ဖော်ပြထားသည့် အဓိပ္ပာယ်အတိုင်း အကျိုးသက်ရောက်စေရမည်။

၄။ အားလုံးတစ်ပေါင်းတည်းကျော်လွှားခြင်း COVID-19 စီးပွားရေး ကုစားမှုအစီအစဉ် (COVID-19 Economic Relief Plan) ၏ ပန်းတိုင် ၂ လုပ်ငန်းအစီအစဉ် ၂.၁.၅ ပါ အခွန်ဆိုင်ရာ ခုနှိမ်ခွင့်များ (Tax Credits) အား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ထုတ်ပြန်ထားသည့် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေဆိုင်ရာအမိန့်ပါ အခွန်ဆိုင်ရာဖြေလျှော့မှုနှင့် ခံစားခွင့်များကို လိုက်နာကျင့်သုံးဆောင်ရွက်ရာတွင် ရှင်းလင်းမှုရှိစေရန်နှင့် တစ်ပြေးညီဖြစ်စေရန်အလို့ငှာရည်ရွယ်၍ ဤလုပ်ထုံးလုပ်နည်းအား ထုတ်ပြန်ခြင်း ဖြစ်သည်။

## အခန်း (၂)

## ထပ်တိုးပေးချေရသည့် လုပ်ခ၊ လစာ အပေါ် ပြန်အမ်းငွေရပိုင်ခွင့်မရှိသည့် အခွန်ခုနှိမ်ခွင့်ပြုခြင်း

**အဓိပ္ပာယ်သတ်မှတ်ချက်**

၅။ (က) **ထပ်တိုးပေးချေရသည့် လုပ်ခ၊ လစာ** ဆိုသည်မှာ အောက်ဖော်ပြပါ ကိစ္စရပ်တစ်ခုခုကြောင့် ၂၀၁၉-၂၀၂၀ ဝင်ငွေနှစ်တွင် ယင်းဝင်ငွေနှစ်မတိုင်မီကပ်လျက်ရှိသော ဝင်ငွေနှစ် (ယခင်နှစ်) ထက် ပိုမိုပေးချေရသည့် လုပ်ခ၊ လုပ်စာကို ဆိုသည်-

(၁) ယခင်နှစ်နှင့် တူညီသော ဝန်ထမ်းဦးရေရှိ ဝန်ထမ်းများ၏ လုပ်ခ၊ လစာများအား တိုးမြှင့်ပေးခြင်းကြောင့် လုပ်ခ၊ လစာစရိတ် မြင့်တက်ခြင်း၊

(၂) ဝန်ထမ်းအင်အား တိုးချဲ့ခြင်းကြောင့် လုပ်ခ၊ လစာစရိတ် မြင့်တက်ခြင်း။

(ခ) **ပြန်အမ်းငွေရပိုင်ခွင့် မရှိသည့် အခွန်ခုနှိမ်ခွင့်** ဆိုသည်မှာ အခွန်တာဝန်ကို လျော့ကျစေရန် အလို့ငှာ ပေးဆောင်ရန်အခွန် သုညဖြစ်သည့်ပမာဏအထိကို ခုနှိမ်ခွင့်ပြုခြင်းဖြစ်ပြီးပိုငွေ အပေါ် ပြန်အမ်းငွေအား တောင်းခံခြင်း၊ အခြားအခွန်အမျိုးအစားများတွင် ခုနှိမ်ခြင်းနှင့် နောက်နှစ်များသို့ ဆက်လက်သယ်ဆောင်ခုနှိမ်ခြင်း မပြုနိုင်သည့် အခွန်ခုနှိမ်ခွင့်ကို ဆိုသည်။

**အခွန်ခုနှိမ်ခွင့်ပြုသည့်ပမာဏ**

၆။ ထပ်တိုးပေးချေရသည့် လုပ်ခ၊ လစာ စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းနှင့်ညီမျှသော ပမာဏအား အခွန်ခုနှိမ်ခွင့်အဖြစ် ခွင့်ပြုမည် ဖြစ်ပါသည်။

**တစ်ပြေးညီ ကျင့်သုံးရန် သတ်မှတ်ချက်များ**

၇။ ထပ်တိုးပေးချေရသည့် လုပ်ခ၊ လစာ ပမာဏအား တွက်ချက်ရာတွင် ဝင်ငွေနှစ်တစ်နှစ်အတွက် စာရင်းပြုစုသည့်ကာလသည် သာမန်အားဖြင့် ၁၂ လ ကာလဖြစ်သော်လည်း နှိုင်းယှဉ်ရမည့်ဝင်ငွေနှစ်၏ လအရေအတွက်ချင်းတူညီခြင်းမရှိပါက ထပ်တိုးပေးချေရသည့် ပမာဏအား လအရေအတွက်အပေါ် အခြေခံ၍ တွက်ချက်ရမည်။

၈။ သမဝါယမနှင့် ပုဂ္ဂလိကလုပ်ငန်းများအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှ စတင်၍ ၎င်းတို့၏ ဝင်ငွေနှစ်အား နိုင်ငံတော်၏ ဘဏ္ဍာရေးနှစ်နှင့်အညီ တစ်ပြေးညီ ပြောင်းလဲသတ်မှတ်ခဲ့ခြင်းဖြစ်ရာ ၂၀၁၉-၂၀၂၀ ဝင်ငွေနှစ်မတိုင်မီကပ်လျက်ရှိသောဝင်ငွေနှစ် (၂၀၁၉ ဝင်ငွေနှစ်) သည် ၆ လ တာကာလ ဖြစ်သဖြင့် ၂၀၁၉-၂၀၂၀ ဝင်ငွေနှစ်တွင် ထပ်တိုးပေးချေရသည့် လုပ်ခ၊ လစာပမာဏကို အောက်ပါပုံသေနည်း အတိုင်း တွက်ချက်ရမည်-

**ထပ်တိုးပေးချေရသည့်လုပ်ခ၊ လစာပမာဏ = [(၂၀၁၉-၂၀၂၀ ဝင်ငွေနှစ်အတွက် စုစုပေါင်းလစာ) - (၂ x ၂၀၁၉ ဝင်ငွေနှစ်အတွက် စုစုပေါင်းလစာ)]**

၉။ ထပ်တိုးပေးချေရသည့် လုပ်ခ၊ လစာအတွက် အခွန်ခုနှိမ်ခွင့်အား ခွင့်ပြုခြင်းကြောင့် ပြန်အမ်းငွေ ပေါ်ပေါက်နိုင်ပါက အဆိုပါ ခုနှိမ်ခွင့်အား အပြည့်အဝခွင့်ပြုခြင်းမပြုဘဲ ပေးဆောင်ရန် အခွန်သုညဖြစ်သည့် ပမာဏအထိကိုသာ ခုနှိမ်ခွင့်ပြုရမည်။ သို့ရာတွင် ဝင်ငွေခွန်ဥပဒေအရ ပေးဆောင်ခဲ့သည့်ဝင်ငွေခွန် ပိုမိုခြင်းဖြစ်ပါက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေနှင့်အညီ ပြန်အမ်းငွေထုတ်ပေးရမည်။

၁၀။ **ပြန်အမ်းငွေ ရပိုင်ခွင့်မရှိသည့် အခွန်ခုနှိမ်ခွင့်ဖြစ်သောကြောင့် ပြန်အမ်းငွေအား တောင်းခံခြင်း၊ အခြားအခွန်အမျိုးအစားများတွင် ခုနှိမ်ခြင်းနှင့် နောက်နှစ်များသို့ ဆက်လက်သယ်ဆောင်ခုနှိမ်ခြင်း မပြုရ။**

၁၁။ ပြန်အမ်းငွေရပိုင်ခွင့်မရှိသည့် အခွန်ခုနှိမ်ခွင့်ကို ယခင်နှစ်က သယ်ဆောင်လာသည့် ပြန်အမ်းငွေ ခုနှိမ်ခွင့်၊ ဝင်ငွေခွန်ဥပဒေအရ ပေးဆောင်ခဲ့သည့် ကြိုတင်ဝင်ငွေခွန်တို့အား ခုနှိမ်ခြင်းမပြုမီ ဦးစွာ ခုနှိမ်ရမည်။

၁၂။ ထပ်တိုးပေးချေရသည့် လုပ်ခ၊ လစာအပေါ် ပြန်အမ်းငွေရပိုင်ခွင့်မရှိသည့် အခွန်ခုနှိမ်ခွင့် တွက်ချက်မှုကို အောက်ဖော်ပြပါ နမူနာဖြစ်စဉ်များဖြင့် ရှင်းလင်းဖော်ပြပါမည်-

**အခွန်ခုနှိမ်ခွင့်ပြုခြင်းဆိုင်ရာ နမူနာပုံစံနှင့် တွက်ချက်မှုများ**

(က) **ဖြစ်စဉ် (၁)။** ကုမ္ပဏီ **"A"** သည် ၂၀၁၈-၂၀၁၉ ဝင်ငွေနှစ်တွင် လုပ်ခ၊ လစာ စရိတ် ကျပ် သိန်း ၄၀၀ ကျခံခဲ့ပြီး ၂၀၁၉-၂၀၂၀ ဝင်ငွေနှစ်တွင် လုပ်ခ၊ လစာ စရိတ် ကျပ် သိန်း ၇၀၀ ကျခံခဲ့သည်ဆိုပါစို့။ ထိုအခါ ၂၀၁၉-၂၀၂၀ ဝင်ငွေနှစ်တွင် ထပ်တိုးပေးချေရသော လုပ်ခ၊ လစာ စရိတ် ကျပ် သိန်း ၃၀၀ အတွက် **ပြန်အမ်းငွေရပိုင်ခွင့်မရှိသည့် အခွန်ခုနှိမ်ခွင့် ၁၀ ရာခိုင်နှုန်း (၃,၀၀၀,၀၀၀ ကျပ်)** ကို ခုနှိမ်ခွင့်ရရှိမည် ဖြစ်ပါသည်။ ထိုကုမ္ပဏီ **"A"** သည် ၂၀၁၉-၂၀၂၀ ဝင်ငွေနှစ်အတွက် အသားတင်အမြတ် ကျပ် သိန်း ၅,၀၀၀ ရရှိပြီး ဝင်ငွေခွန်ဥပဒေအရ ပေးဆောင်ခဲ့သည့် ဝင်ငွေခွန်မှာ ကျပ် သိန်း ၈၀၀ ဖြစ်သည်ဆိုပါစို့။ ထိုကုမ္ပဏီ **"A"** ၏ အသားတင်ပေးဆောင်ရန်အခွန်ကို အောက်ပါအတိုင်း တွက်ချက်ရပါမည်-

| | | | |
|---|---|---|---|
| အသားတင်အမြတ် | | ၅၀၀,၀၀၀,၀၀၀ | ကျပ် |
| ကျသင့်ဝင်ငွေခွန်(၂၅%) | | ၁၂၅,၀၀၀,၀၀၀ | ကျပ် |
| (နုတ်) | | | |
| ပြန်အမ်းငွေရပိုင်ခွင့်မရှိသည့် အခွန်ခုနှိမ်ခွင့် (၁၀%) | (-) | ၃,၀၀၀,၀၀၀ | ကျပ် |
| ပေးဆောင်ရန်အခွန် | | ၁၂၂,၀၀၀,၀၀၀ | ကျပ် |
| ယခင်နှစ်မှသယ်ဆောင်လာသည့် ပြန်အမ်းငွေခုနှိမ်ခွင့် (ရှိလျှင်) | | xxxxxxxx | ကျပ် |
| ပေးဆောင်ခဲ့ပြီးသည့်ဝင်ငွေခွန်/ ကြိုတင်ဝင်ငွေခွန် (ရှိလျှင်) | (-) | ၈၀,၀၀၀,၀၀၀ | ကျပ် |
| အသားတင်ပေးဆောင်ရန်အခွန်/ပြန်အမ်းငွေ | | ၄၂,၀၀၀,၀၀၀ | ကျပ် |

( ခ ) **ဖြစ်စဉ် (၂)။** ကုမ္ပဏီ **"B"** သည် ဖြစ်စဉ် (၁) ပါ ကုမ္ပဏီ **"A"** နည်းတူ အခွန်ခုနှိမ်ခွင့် ကျပ် သိန်း ၃၀ ရရှိသည်ဆိုပါစို့။ ထိုကုမ္ပဏီ **"B"** သည် ၂၀၁၉-၂၀၂၀ ဝင်ငွေနှစ်အတွက် အသားတင်အမြတ် ကျပ်သိန်း ၁၀၀ ရရှိပြီး ဝင်ငွေခွန်ဥပဒေအရ ပေးဆောင်ခဲ့ပြီးသည့် ဝင်ငွေခွန်မရှိဟု ဆိုပါစို့။ ထိုကုမ္ပဏီ **"B"** ၏ အသားတင်ပေးဆောင်ရန်အခွန်ကို အောက်ပါအတိုင်း တွက်ချက်ရပါမည်-

| | | | |
|---|---|---|---|
| အသားတင်အမြတ် | | ၁၀,၀၀၀,၀၀၀ | ကျပ် |
| ကျသင့်ဝင်ငွေခွန်(၂၅%) | | ၂,၅၀၀,၀၀၀ | ကျပ် |
| (နုတ်) | | | |
| ပြန်အမ်းငွေရပိုင်ခွင့်မရှိသည့် အခွန်ခုနှိမ်ခွင့် (၁၀%) | (-) | * ၂,၅၀၀,၀၀၀ | ကျပ် |
| ပေးဆောင်ရန်အခွန် | | ၀ | |
| ယခင်နှစ်မှသယ်ဆောင်လာသည့် ပြန်အမ်းငွေခုနှိမ်ခွင့် (ရှိလျှင်) | | xxxxxxxx | ကျပ် |
| ပေးဆောင်ခဲ့ပြီးသည့်ဝင်ငွေခွန်/ ကြိုတင်ဝင်ငွေခွန် (ရှိလျှင်) | | xxxxxxxx | ကျပ် |
| အသားတင်ပေးဆောင်ရန်အခွန်/ပြန်အမ်းငွေ | | ၀ | |

**ရှင်းလင်းချက်။ အခွန်ခုနှိမ်ခွင့် ၃,၀၀၀,၀၀၀ ကျပ်သည် ပြန်အမ်းငွေ ရပိုင်ခွင့်မရှိသည့် အခွန်ခုနှိမ်ခွင့်ဖြစ်သည့်အတွက် ပေးဆောင်ရန်အခွန် သုညပမာဏအထိဖြစ်သည့် *၂,၅၀၀,၀၀၀ ကျပ် အထိကိုသာ ခုနှိမ်ခွင့်ရရှိမည်ဖြစ်ပြီး ပိုငွေ ၅၀၀,၀၀၀ ကျပ်ကို ပြန်အမ်းငွေရရှိမည်မဟုတ်ပါ။**

( ဂ ) **ဖြစ်စဉ် (၃)။** ကုမ္ပဏီ **"C"** သည် ဖြစ်စဉ် (၁) ပါ ကုမ္ပဏီ **"A"** နည်းတူ အခွန်ခုနှိမ်ခွင့် ကျပ် သိန်း ၃၀ ရရှိသည်ဆိုပါစို့။ ထိုကုမ္ပဏီ **"C"** သည် ၂၀၁၉-၂၀၂၀ ဝင်ငွေနှစ်အတွက် အသားတင်အမြတ် ကျပ်သိန်း ၁,၀၀၀ရရှိပြီးဝင်ငွေခွန်ဥပဒေအရပေးဆောင်ခဲ့ပြီးသည့်ဝင်ငွေခွန်မှာကျပ်သိန်း ၂၈၀ဖြစ်သည်ဆိုပါစို့။ ထိုကုမ္ပဏီ **"C"** ၏ အသားတင်ပေးဆောင်ရန်အခွန်ကို အောက်ပါအတိုင်း တွက်ချက်ရပါမည်-

| | | | |
|---|---|---|---|
| အသားတင်အမြတ် | | ၁၀၀,၀၀၀,၀၀၀ | ကျပ် |
| ကျသင့်ဝင်ငွေခွန်(၂၅%) | | ၂၅,၀၀၀,၀၀၀ | ကျပ် |
| (နုတ်) | | | |
| ပြန်အမ်းငွေရပိုင်ခွင့်မရှိသည့် အခွန်ခုနှိမ်ခွင့် (၁၀%) | (-) | ၃,၀၀၀,၀၀၀ | ကျပ် |
| ပေးဆောင်ရန်အခွန် | | ၂၂,၀၀၀,၀၀၀ | ကျပ် |
| ယခင်နှစ်မှသယ်ဆောင်လာသည့် ပြန်အမ်းငွေခုနှိမ်ခွင့် (ရှိလျှင်) | | xxxxxxxx | ကျပ် |
| ပေးဆောင်ခဲ့ပြီးသည့်ဝင်ငွေခွန်/ ကြိုတင်ဝင်ငွေခွန် (ရှိလျှင်) | (-) | ၂၈,၀၀၀,၀၀၀ | ကျပ် |
| အသားတင်ပေးဆောင်ရန်အခွန်/ပြန်အမ်းငွေ | | ၆,၀၀၀,၀၀၀ | ကျပ် |

**ရှင်းလင်းချက်။ ပေးဆောင်ရန်အခွန်သည် ကျပ် သိန်း ၂၂၀ ဖြစ်ပြီး ဝင်ငွေခွန်ဥပဒေအရ ပေးဆောင်ခဲ့ပြီးသည့် ဝင်ငွေခွန်မှာ ကျပ် သိန်း ၂၈၀ ဖြစ်သဖြင့် ကုမ္ပဏီသည် ပြန်အမ်းငွေ ကျပ် သိန်း ၆၀ ကို ရရှိမည် ဖြစ်ပါသည်။**

## အခန်း(၃)

## ထပ်တိုးပေးချေရသည့် လုပ်ခ၊ လစာ အပေါ် အသုံးစရိတ်အဖြစ် တိုးမြှင့်နုတ်ပယ်ခွင့်ပြုခြင်း

**အဓိပ္ပာယ်သတ်မှတ်ချက်**

၁၃။ ဤအခန်းပါ **ထပ်တိုးပေးချေရသည့် လုပ်ခ၊ လစာ** ဆိုသည်မှာ အထက်အပိုဒ် ၅ အပိုဒ်ခွဲ (က) တွင် ဖော်ပြထားသည့် အဓိပ္ပာယ်အတိုင်း အကျိုးသက်ရောက်စေရမည်။

**တိုးမြှင့်နုတ်ပယ်ခွင့်ပြုသည့်အသုံးစရိတ်ပမာဏ**

၁၄။ ထပ်တိုးပေးချေရသည့် လုပ်ခ၊ လစာပမာဏ စုစုပေါင်း၏ ၁၂၅ ရာခိုင်နှုန်းနှင့် ညီမျှသော ပမာဏအား စရိတ်အဖြစ် နုတ်ပယ်ခွင့်ပြုမည် ဖြစ်ပါသည်။ ဥပမာ ၂၀၁၈-၂၀၁၉ ဝင်ငွေနှစ်အတွက် အခွန်ထမ်းတစ်ဦး၏ လုပ်ခ၊ လစာ ပေးချေမှုစရိတ်သည် ကျပ် သိန်း ၁၀၀ ဖြစ်ပြီး၂၀၁၉-၂၀၂၀ ဝင်ငွေနှစ်တွင် ကျပ် သိန်း ၂၀၀ ပေးချေခဲ့ရပါသည်။ အဆိုပါ အခွန်ထမ်းအနေဖြင့် ယခင်နှစ်ထက် ပိုမိုကုန်ကျပေးချေခဲ့သည့် လုပ်ခ၊ လစာ ကျပ် သိန်း ၁၀၀ ၏ ၁၂၅ ရာခိုင်နှုန်းဖြစ်သည့် ကျပ် ၁၂၅ သိန်းကို ဝင်ငွေမှ စရိတ်အဖြစ် နုတ်ပယ်ခွင့်ပြုမည် ဖြစ်ပါသည်။ ထို့ကြောင့် ယင်း အခွန်ထမ်းအနေဖြင့် ၂၀၁၉-၂၀၂၀ ဝင်ငွေနှစ်တွင် လစာအသုံးစရိတ်အတွက် အမှန်တကယ် ပေးချေငွေ ကျပ် သိန်း ၂၀၀ ဖြစ်သော်လည်း ကျပ် ၂၂၅ သိန်းကို စရိတ်အဖြစ် နုတ်ပယ်ခွင့်ရရှိမည် ဖြစ်သည်။

**တစ်ပြေးညီကျင့်သုံးရန် သတ်မှတ်ချက်များ**

၁၅။ အခွန်ထမ်းများအနေဖြင့် လုပ်ငန်းအရှုံးပေါ်ပေါက်နိုင်စေကာမူ ထပ်တိုးပေးချေရသည့် လုပ်ခ၊ လစာအပေါ် ၁၂၅ ရာခိုင်နှုန်းအား စရိတ်အဖြစ် နုတ်ပယ်ခွင့်ပြုရမည်။

၁၆။ **ထပ်တိုးပေးချေရသည့် လုပ်ခ၊ လစာ စရိတ်အား နုတ်ပယ်ခွင့်ပြုသည့်အတွက် လုပ်ငန်းမှ အရှုံးပေါ်ပေါက်ပါက အဆိုပါ အရှုံးအား ဝင်ငွေခွန်ဥပဒေနှင့်အညီ နောက်နှစ်များသို့ ဆက်လက် သယ်ဆောင်နုတ်ပယ်ခွင့် ပြုရမည်။**

၁၇။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ အထူးစီးပွားရေးဇုန်ဥပဒေတစ်ရပ်ရပ်အရ အခွန်ကင်းလွတ်ခွင့် ရရှိထားသော အခွန်ထမ်းများအနေဖြင့်လည်း ဤအခန်းပါ စရိတ်နုတ်ပယ်ခွင့်နှင့် အရှုံးသယ်ဆောင်နုတ်ပယ်ခွင့်များကို ခံစားခွင့်ရှိစေရမည်။

## အခန်း(၄)

## မတည်အပိုင်ပစ္စည်း (Capital Equipment) များတွင် ထပ်တိုးရင်းနှီးမြှုပ်နှံမှုအတွက် ပြန်အမ်းငွေရပိုင်ခွင့်မရှိသည့် အခွန်ခုနှိမ်ခွင့်ပြုခြင်း

**အဓိပ္ပာယ်သတ်မှတ်ချက်**

၁၈။ (က) **မတည်အပိုင်ပစ္စည်း (Capital Equipment) တွင် ထပ်တိုးရင်းနှီးမြှုပ်နှံမှု** ဆိုရာ၌ ဒြပ်မဲ့ရရန်ပိုင်ခွင့်များအတွက် ရင်းနှီးမြှုပ်နှံမှု၊ မြေ၊ အဆောက်အအုံ သို့မဟုတ် မြေနှင့် အဆောက်အအုံအား ဝယ်ယူခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့ခြင်းကိစ္စရပ်များ ပါဝင်ခြင်းမရှိစေရ။ ထို့ပြင် မတည် အပိုင်ပစ္စည်း **(Capital Equipment)** ပြောင်းလဲတိုးမြှင့်ခြင်းမရှိဘဲ ယခင်ဝင်ငွေနှစ်အတိုင်း ပိုင်ဆိုင်ထားသည့် လုပ်ငန်း၏ ဒြပ်ရှိမတည်ပစ္စည်းများ၏ တန်ဖိုး ပြန်လည်သတ်မှတ်ခြင်း (Revaluation) ပြုလုပ်ပါက ထပ်တိုးလာသည့်ပမာဏကို ထပ်တိုးရင်းနှီးမြှုပ်နှံမှုအဖြစ် သတ်မှတ်ခြင်းမပြုပါ။

( ခ ) **ပြန်အမ်းငွေရပိုင်ခွင့် မရှိသည့် အခွန်ခုနှိမ်ခွင့်** ဆိုသည်မှာ အထက်အပိုဒ် ၅ အပိုဒ်ခွဲ (ခ) တွင် ဖော်ပြထားသည့် အဓိပ္ပာယ်အတိုင်း အကျိုးသက်ရောက်စေရမည်။

**အခွန်ခုနှိမ်ခွင့်ပြုသည့်ပမာဏ**

၁၉။ မတည်အပိုင်ပစ္စည်း **(Capital Equipment)** တွင် ထပ်တိုးရင်းနှီးမြှုပ်နှံမှုအတွက် **ပြန်အမ်းငွေရပိုင်ခွင့်မရှိသည့် အခွန်ခုနှိမ်ခွင့်** ၁၀ ရာခိုင်နှုန်းနှင့်ညီမျှသောပမာဏအား အခွန်ခုနှိမ်ခွင့်အဖြစ် ခုနှိမ်ခွင့်ပြုမည် ဖြစ်ပါသည်။

**တစ်ပြေးညီကျင့်သုံးရန် သတ်မှတ်ချက်များ**

၂၀။ မတည်အပိုင်ပစ္စည်း (Capital Equipment) တွင် ထပ်တိုးရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်း၍ တန်ဖိုးလျော့ဇယားတွင် တန်ဖိုးတိုးမြင့်လာမှုအပေါ် အခြေပြု၍ သတ်မှတ်ရမည်။ ဥပမာအားဖြင့် ၂၀၁၈-၂၀၁၉ ဝင်ငွေနှစ်တွင် အခွန်ထမ်းတစ်ဦး၏ တန်ဖိုးလျော့ဇယားရှိ မတည်အပိုင်ပစ္စည်းများ၏တန်ဖိုးသည် ကျပ် သိန်း ၂,၀၀၀ ဖြစ်ပြီး ၂၀၁၉-၂၀၂၀ ဝင်ငွေနှစ်တွင် အဆိုပါ တန်ဖိုးလျော့ဇယားရှိ မတည်အပိုင်ပစ္စည်း၏ တန်ဖိုးသည် ကျပ် သိန်း ၃,၀၀၀ ဖြစ်သည်ဆိုပါစို့။ ယင်းအခွန်ထမ်းသည် ရရန်ပိုင်ခွင့်များတွင် ပိုမိုရင်းနှီးမြှုပ်နှံခြင်းဖြင့် မတည်အပိုင်ပစ္စည်းတန်ဖိုး ကျပ် သိန်း ၁,၀၀၀ တိုးမြင့်ခဲ့ခြင်းဖြစ်ရာ ၂၀၁၉-၂၀၂၀ ဝင်ငွေနှစ်အတွက် ပြန်အမ်းငွေရပိုင်ခွင့်မရှိသည့် အခွန်ခုနှိမ်ခွင့် ၁၀ ရာခိုင်နှုန်း (ကျပ် သိန်း ၁၀၀) ကို ခုနှိမ်ခွင့်ရရှိမည်ဖြစ်သည်။

၂၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ အထူးစီးပွားရေးဇုန်ဥပဒေတစ်ရပ်ရပ်အရ အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်နှင့် ပြန်လည်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွန်ကင်းလွတ်ခွင့် **(reinvestment exemption)** ခံစားရရှိနေသည့် လုပ်ငန်းများသည် ဤအခွန်ခုနှိမ်ခွင့်နှင့် သက်ဆိုင်ခြင်း မရှိစေရ။

၂၂။ မတည်အပိုင်ပစ္စည်းတွင် ထပ်တိုးရင်းနှီးမြှုပ်နှံမှုအတွက် အခွန်ခုနှိမ်ခွင့်အား ခွင့်ပြုခြင်းကြောင့် ပြန်အမ်းငွေပေါ်ပေါက်နိုင်ပါက အဆိုပါ ခုနှိမ်ခွင့်အား အပြည့်အဝခွင့်ပြုခြင်းမပြုဘဲ ပေးဆောင်ရန်အခွန်သုညဖြစ်သည့် ပမာဏအထိကိုသာ ခုနှိမ်ခွင့်ပြုရမည်။ သို့ရာတွင် ဝင်ငွေခွန်ဥပဒေအရ ပေးဆောင်ခဲ့သည့် ဝင်ငွေခွန်ပိုမိုခြင်းဖြစ်ပါက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေနှင့်အညီ ပြန်အမ်းငွေထုတ်ပေးရမည်။

၂၃။ **ပြန်အမ်းငွေ ရပိုင်ခွင့်မရှိသည့် အခွန်ခုနှိမ်ခွင့်ဖြစ်သောကြောင့် ပြန်အမ်းငွေအား တောင်းခံခြင်း၊ အခြားအခွန်အမျိုးအစားများတွင် ခုနှိမ်ခြင်းနှင့် နောက်နှစ်များသို့ ဆက်လက်သယ်ဆောင်ခုနှိမ်ခြင်း မပြုရ။**

၂၄။ ပြန်အမ်းငွေရပိုင်ခွင့်မရှိသည့် အခွန်ခုနှိမ်ခွင့်ကို ယခင်နှစ်က သယ်ဆောင်လာသည့် ပြန်အမ်းငွေ ခုနှိမ်ခွင့်၊ ဝင်ငွေခွန်ဥပဒေအရ ပေးဆောင်ခဲ့သည့် ကြိုတင်ဝင်ငွေခွန်တို့အား ခုနှိမ်ခြင်းမပြုမီ ဦးစွာခုနှိမ်ရမည်။

၂၅။ ပြန်အမ်းငွေရပိုင်ခွင့်မရှိသည့် အခွန်ခုနှိမ်ခွင့်တွက်ချက်မှုကို အောက်ဖော်ပြပါနမူနာဖြစ်စဉ်များဖြင့် ရှင်းလင်းဖော်ပြပါမည်-

**အခွန်ခုနှိမ်ခွင့်ပြုခြင်းဆိုင်ရာနမူနာပုံစံနှင့် တွက်ချက်မှုများ**

(က) **ဖြစ်စဉ် (၁)။** ကုမ္ပဏီ **"D"** သည် ၂၀၁၈-၂၀၁၉ ဝင်ငွေနှစ် ကုန်ဆုံးချိန်တွင် ၎င်း၏တန်ဖိုးလျော့ဇယားရှိ မတည်အပိုင်ပစ္စည်းများ၏ စာရင်းညှိပြီးနောက် စာရင်းအရ လက်ကျန်တန်ဖိုးသည် ကျပ် သိန်း ၅၀၀ ဖြစ်ပြီး ၂၀၁၉-၂၀၂၀ ဝင်ငွေနှစ်တွင် ကျပ် သိန်း ၁၀၀ တန်ဖိုးရှိ လုပ်ငန်းသုံးမော်တော်ယာဉ်တစ်စီး ဝယ်ယူခဲ့သဖြင့် ယင်းဝင်ငွေနှစ်၏ တန်ဖိုးလျော့ဇယားရှိ မတည်အပိုင်ပစ္စည်းတန်ဖိုးသည် ကျပ် သိန်း ၆၀၀ သို့ တိုးမြင့်လာခဲ့သည်ဆိုပါစို့။ ထိုအခါ ၂၀၁၉-၂၀၂၀ ဝင်ငွေနှစ်တွင် ထပ်တိုးရင်းနှီးမြှုပ်နှံမှု

ကျပ် သိန်း ၁၀၀ အတွက် **ပြန်အမ်းငွေရပိုင်ခွင့်မရှိသည့် အခွန်ခုနှိမ်ခွင့် ၁၀% (၁,၀၀၀,၀၀၀ ကျပ်)** ကို ခုနှိမ်ခွင့်ရရှိမည် ဖြစ်ပါသည်။ ထိုကုမ္ပဏီ "D"သည် ၂၀၁၉-၂၀၂၀ ဝင်ငွေနှစ်အတွက် အသားတင်အမြတ် ကျပ် သိန်း ၃၀ ရရှိပြီး ဝင်ငွေခွန် ဥပဒေအရ ပေးဆောင်ခဲ့ပြီးသည့် ဝင်ငွေခွန်မရှိဟု ဆိုပါစို့။ ထိုကုမ္ပဏီ **"D"** ၏အသားတင်ပေးဆောင်ရန်အခွန်ကို အောက်ပါအတိုင်း တွက်ချက်ရပါမည်-

| | | | |
|---|---|---|---|
| အသားတင်အမြတ် | | ၃,၀၀၀,၀၀၀ | ကျပ် |
| ကျသင့်ဝင်ငွေခွန်(၂၅%) | | ၇၅၀,၀၀၀ | ကျပ် |
| (နုတ်) | | | |
| ပြန်အမ်းငွေရပိုင်ခွင့်မရှိသည့် အခွန်ခုနှိမ်ခွင့် (၁၀%) | (-) | *၇၅၀,၀၀၀ | ကျပ် |
| ပေးဆောင်ရန်အခွန် | | ၀ | |
| ယခင်နှစ်မှသယ်ဆောင်လာသည့် ပြန်အမ်းငွေခုနှိမ်ခွင့် (ရှိလျှင်) | | xxxxxxxx | ကျပ် |
| ပေးဆောင်ခဲ့ပြီးသည့်ဝင်ငွေခွန်/ ကြိုတင်ဝင်ငွေခွန် (ရှိလျှင်) | | xxxxxxxx | ကျပ် |
| အသားတင်ပေးဆောင်ရန်အခွန်/ပြန်အမ်းငွေ | | xxxxxxxx | ကျပ် |

**ရှင်းလင်းချက်။ အခွန်ခုနှိမ်ခွင့်မှာ ၁,၀၀၀,၀၀၀ ကျပ် ဖြစ်သော်လည်း ပြန်အမ်းငွေရပိုင်ခွင့်မရှိသည့် အခွန်ခုနှိမ်ခွင့် ဖြစ်သည့်အတွက် ပေးဆောင်ရန်အခွန် သုညပမာဏအထိဖြစ်သည့် *၇၅၀,၀၀၀ ကျပ် အထိကိုသာ ခုနှိမ်ခွင့်ရရှိမည် ဖြစ်ပါသည်။ ပိုငွေ ၂၅၀,၀၀၀ ကျပ်ကို ပြန်အမ်းငွေ ရရှိမည်မဟုတ်ပါ။**

( ခ ) **ဖြစ်စဉ် (၂)။** ကုမ္ပဏီ **"E"** သည် ဖြစ်စဉ် (၁) ပါ ကုမ္ပဏီ **"D"** နည်းတူ မတည်အပိုင်ပစ္စည်းတွင် ထပ်တိုး ရင်းနှီးမြှုပ်နှံခဲ့သည့်အတွက် အခွန်ခုနှိမ်ခွင့် ကျပ် ၁၀ သိန်း ရရှိမည်ဆိုပါစို့။ ထိုကုမ္ပဏီ **"E"** သည် ၂၀၁၉-၂၀၂၀ ဝင်ငွေနှစ်အတွက် အသားတင်အမြတ် ကျပ် သိန်း ၁၀၀ ရရှိပြီး ဝင်ငွေခွန်ဥပဒေအရ ပေးဆောင်ခဲ့ပြီးသည့် ဝင်ငွေခွန်မှာ ကျပ် သိန်း ၂၀ ဖြစ်သည်ဆိုပါစို့။ ထိုကုမ္ပဏီ **"E"** ၏ အသားတင်ပေးဆောင်ရန်အခွန်ကို အောက်ပါအတိုင်း တွက်ချက်ရပါမည်-

| | | | |
|---|---|---|---|
| အသားတင်အမြတ် | | ၁၀,၀၀၀,၀၀၀ | ကျပ် |
| ကျသင့်ဝင်ငွေခွန်(၂၅%) | | ၂,၅၀၀,၀၀၀ | ကျပ် |
| (နုတ်) | | | |
| ပြန်အမ်းငွေရပိုင်ခွင့်မရှိသည့် အခွန်ခုနှိမ်ခွင့် (၁၀%) | (-) | ၁,၀၀၀,၀၀၀ | ကျပ် |
| ပေးဆောင်ရန်အခွန် | | ၁,၅၀၀,၀၀၀ | ကျပ် |
| ယခင်နှစ်မှသယ်ဆောင်လာသည့် ပြန်အမ်းငွေခုနှိမ်ခွင့် (ရှိလျှင်) | | xxxxxxxx | ကျပ် |
| ပေးဆောင်ခဲ့ပြီးသည့်ဝင်ငွေခွန်/ ကြိုတင်ဝင်ငွေခွန် (ရှိလျှင်) | (-) | ၂,၀၀၀,၀၀၀ | ကျပ် |
| အသားတင်ပေးဆောင်ရန်အခွန်/ပြန်အမ်းငွေ | | ၅၀၀,၀၀၀ | ကျပ် |

**ရှင်းလင်းချက်။ ပေးဆောင်ရန်အခွန်သည် ၁,၅၀၀,၀၀၀ ကျပ် ဖြစ်ပြီး ဝင်ငွေခွန်ဥပဒေအရ ပေးဆောင်ခဲ့ပြီးသည့် ဝင်ငွေခွန်မှာ ၂,၀၀၀,၀၀၀ ကျပ် ဖြစ်သဖြင့် ကုမ္ပဏီ "E" သည် ပြန်အမ်းငွေ ၅၀၀,၀၀၀ ကျပ်ကို ရရှိမည် ဖြစ်ပါသည်။**

၂၆။ ထပ်တိုးရင်းနှီးမြှုပ်နှံမှုအတွက် အခွန်ခုနှိမ်ခွင့်ခံစားထားသည့် မတည်အပိုင်ပစ္စည်းအား ရယူသည့်နှစ်မှ တစ်ဆက်တည်း ၃ နှစ်အတွင်း လွှဲပြောင်းခြင်း၊ ရောင်းချခြင်း ဆောင်ရွက်ပါက အခွန်ခုနှိမ်ခွင့်အား ငြင်းပယ်ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပြန်လည်စည်းကြပ်ခြင်း ဆောင်ရွက်နိုင်သည်။

## အခန်း(၅)

## ထပ်တိုးမတည်အပိုင်ပစ္စည်း (Capital Equipment) များအတွက် တန်ဖိုးလျော့စရိတ်ကို တိုးမြှင့်ခွင့်ပြုခြင်း

### အဓိပ္ပာယ်သတ်မှတ်ချက်

၂၇။ ဤအခန်းပါ **ထပ်တိုးမတည်အပိုင်ပစ္စည်း (Capital Equipment) များအတွက် တန်ဖိုးလျော့စရိတ်** ဆိုရာတွင် အထက်အပိုဒ် ၁၈ အပိုဒ်ခွဲ (က) ပါ အဓိပ္ပာယ်သတ်မှတ်ချက်နှင့်ကိုက်ညီသည့် မတည် အပိုင်ပစ္စည်းများတွင် ထပ်တိုးရင်းနှီးမြှုပ်နှံသည့် မတည်အပိုင်ပစ္စည်း၏ တန်ဖိုးလျော့စရိတ်ကိုဆိုသည်။

### တိုးမြှင့်နုတ်ပယ်ခွင့်ပြုသည့် တန်ဖိုးလျော့စရိတ်ပမာဏ

၂၈။ ၂၀၁၉-၂၀၂၀ ဝင်ငွေနှစ်တွင် ထပ်တိုးရယူသည့် မတည်အပိုင်ပစ္စည်း (Capital Equipment) များအတွက် နုတ်ပယ်ခွင့်ရရှိမည့် တန်ဖိုးလျော့စရိတ်၏ ၁၂၅ ရာခိုင်နှုန်းနှင့်ညီမျှသောပမာဏကို စရိတ်အဖြစ် တိုးမြှင့်နုတ်ပယ်ခွင့်ပြုမည်ဖြစ်ပြီး အဆိုပါနုတ်ပယ်ခွင့်ကို ယင်းဝင်ငွေနှစ်တစ်နှစ်တည်းအတွက်သာရရှိမည်ဖြစ်သည်။ ဥပမာ-ကျပ် သိန်း ၁၀၀၀ တန်ဖိုးရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်ရပ်အား ၂၀၁၉-၂၀၂၀ ဝင်ငွေနှစ်အတွင်း ဝယ်ယူခဲ့ပြီး အဆိုပါပစ္စည်းအတွက် တန်ဖိုးလျော့နှုန်းသည် ၁၀ ရာခိုင်နှုန်း (ကျပ် သိန်း ၁၀၀) ဖြစ်ပါက ၂၀၁၉-၂၀၂၀ ဝင်ငွေနှစ် တစ်နှစ်တည်းအတွက်သာ တန်ဖိုးလျော့စရိတ်အဖြစ် ကျပ် ၁၂၅ သိန်းအား နုတ်ပယ်ခွင့် ပြုမည်ဖြစ်သည်။

### တစ်ပြေးညီကျင့်သုံးရန် သတ်မှတ်ချက်များ

၂၉။ **အခွန်ထမ်းအနေဖြင့် လုပ်ငန်းမှ အရှုံးပေါ်ပေါက်စေကာမူ အဆိုပါအသုံးစရိတ်အား အပြည့်အဝ နုတ်ပယ်ခွင့်ပြုရမည်ဖြစ်ပြီး ယင်းအရှုံးအား ဝင်ငွေခွန်ဥပဒေနှင့်အညီ နောက်နှစ်များသို့ ဆက်လက် သယ်ဆောင်နုတ်ပယ်ခွင့် ပြုရမည်။**

၃၀။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ အထူးစီးပွားရေးဇုန်ဥပဒေတစ်ရပ်ရပ်အရ အခွန်ကင်းလွတ်ခွင့် ရရှိထားသော အခွန်ထမ်းများအနေဖြင့်လည်း ဤအခန်းပါ တန်ဖိုးလျော့စရိတ်အား နုတ်ပယ်ခွင့်နှင့် အရှုံး သယ်ဆောင်နုတ်ပယ်ခွင့်အား ခံစားခွင့် ရှိစေရမည်။

၃၁။ တိုးမြှင့်ပေးသော တန်ဖိုးလျော့စရိတ်အား ခံစားရာတွင် သက်ဆိုင်ရာ မတည် အပိုင်ပစ္စည်း၏ တန်ဖိုးထက်မပိုစေရ။

## အခန်း (၆)

## အထွေထွေ

၃၂။ ဤလုပ်ထုံးလုပ်နည်းပါ အခွန်ဆိုင်ရာသက်သာခွင့်များကို အခွန်ရှောင်ရှားလိုသော ရည်ရွယ်ချက်ဖြင့် ရယူကြောင်း သို့မဟုတ် မမှန်ကန်သော ဖော်ပြချက်များကို တင်ပြ၍ ရရှိခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါက အခွန်ဆိုင်ရာသက်သာခွင့်အား ငြင်းပယ်ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပြန်လည်စည်းကြပ်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

၃၃။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၆၅/၂၀၂၀ အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၁၇ ရက်)

**COVID-19 Economic Relief Plan အရ အတိုးနှုန်းသက်သာသောချေးငွေ ချေးငွေထုတ်ချေးရေး ဦးဆောင်ကော်မတီ၊ ချေးငွေစိစစ်ရေးကော်မတီနှင့် ချေးငွေကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ COVID-19 Economic Relief Plan ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၂၀) ကြိုတင်ခွင့်ပြုချက်အရ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၏ အထွေထွေပိုလျှံရန်ပုံငွေမှ ကျပ် ၁၀၀ ဘီလီယံ အား မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသို့ စီးပွားရေးချေးငွေ (Commercial Loan) ကာလတို (၃) နှစ် ထုတ်ချေးနိုင်ရန် **ချေးငွေထုတ်ချေးရေးဦးဆောင်ကော်မတီ၊ ချေးငွေစိစစ်ရေးကော်မတီနှင့် ချေးငွေကြီးကြပ်ရေးအဖွဲ့** တို့အား အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) **ချေးငွေထုတ်ချေးရေးဦးဆောင်ကော်မတီ**

| | | |
|---|---|---|
| (၁) | ဒုတိယဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့စီးပွားရေးဘဏ် | အဖွဲ့ဝင် |
| (၃) | ညွှန်ကြားရေးမှူးချုပ်<br>ငွေတိုက်ဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | အထွေထွေမန်နေဂျာ<br>မြန်မာ့စီးပွားရေးဘဏ် | အဖွဲ့ဝင် |
| (၅) | ညွှန်ကြားရေးမှူးချုပ်<br>ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန | အတွင်းရေးမှူး |
| (၆) | ဒုတိယညွှန်ကြားရေးမှူးချုပ် (၁)<br>ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

(ခ) ချေးငွေထုတ်ချေးရေးဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသို့ ချေးငွေထုတ်ချေးနိုင်ရေးအတွက် ကျပ် (၁၀၀) ဘီလီယံကိုအထွေထွေပိုလျှံရန်ပုံငွေမှ ထုတ်ယူ၍ ငွေတိုက်ဦးစီးဌာနမှ မြန်မာ့စီးပွားရေးဘဏ်၏ ငွေစာရင်းသို့ လွှဲပြောင်းထည့်သွင်းပေးရေးကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသို့ တင်ပြရန်၊

(၂) ချေးငွေစိစစ်ရေးကော်မတီက စိစစ်တင်ပြသည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၏ ချေးငွေလျှောက်ထားမှုများအတွက် ချေးငွေထုတ်ချေးရေးအတည်ပြုခြင်း၊ ငြင်းပယ်ခြင်း အပါအဝင် လိုအပ်သောဆုံးဖြတ်ချက်များ ချမှတ်ရန်၊

(၃) ချေးငွေအပေါ်အတိုးကောက်ခံခြင်း၊ ချေးငွေပေးဆပ်ရန်ပျက်ကွက်သည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအား အရေးယူခြင်းအပါအဝင် လိုအပ်သည့် မူဝါဒညွှန်ကြားချက်များကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ရန်၊

(၄) ချေးငွေစိစစ်ရေးကော်မတီနှင့် ချေးငွေကြီးကြပ်ရေးအဖွဲ့များအား လိုအပ်သလို ကြီးကြပ်ကွပ်ကဲရန်။

(ဂ) **ချေးငွေစိစစ်ရေးကော်မတီ**

(၁) ညွှန်ကြားရေးမှူးချုပ် — ဥက္ကဋ္ဌ
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

(၂) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မြန်မာ့စီးပွားရေးဘဏ်

(၃) အထွေထွေမန်နေဂျာ — အဖွဲ့ဝင်
မြန်မာ့စီးပွားရေးဘဏ်

(၄) ဒုတိယညွှန်ကြားရေးမှူးချုပ် (၂) — အဖွဲ့ဝင်
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

(၅) ဒုတိယညွှန်ကြားရေးမှူးချုပ် (၁) — အတွင်းရေးမှူး
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

(ဃ) ချေးငွေစိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) မြန်မာနိုင်ငံ အသေးစားငွေရေးကြေးရေးလုပ်ငန်းများကူညီရေးအသင်းမှ စုစည်းတင်ပြလာသော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၏ ချေးငွေလျှောက်လွှာများကို သတ်မှတ်စံနှုန်းများနှင့် ကိုက်ညီမှု ရှိ မရှိ မြန်မာ့စီးပွားရေးဘဏ်နှင့် ပေါင်းစပ်ညှိနှိုင်းစိစစ်ရန်၊

(၂) ချေးငွေခွင့်ပြုရန် သတ်မှတ်စံနှုန်းများနှင့်ကိုက်ညီပြီး အချက်အလက်များခိုင်မာပြည့်စုံသော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၏ ချေးငွေတစ်ခုချင်းအလိုက် ခွင့်ပြုသင့်သည့် ပမာဏကို ဦးဆောင်ကော်မတီသို့ ထောက်ခံတင်ပြရန်၊

(၃) ဦးဆောင်ကော်မတီမှ ခွင့်ပြုသောချေးငွေကို သက်ဆိုင်ရာအသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသို့ ထုတ်ချေးနိုင်ရေးအတွက် မြန်မာ့စီးပွားရေးဘဏ်သို့ အကြောင်းကြားရန်၊

(၄) ချေးငွေအရင်းနှင့်အတိုးပေးဆပ်ရန် ပျက်ကွက်သော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းအား ကြပ်မတ်ထိန်းသိမ်းရေးအတွက် မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာနိုင်ငံ အသေးစားငွေရေးကြေးရေးလုပ်ငန်းများ ကူညီရေးအသင်းတို့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်။

(င) **ချေးငွေကြီးကြပ်ရေးအဖွဲ့**

(၁) ဦးဆောင်ညွှန်ကြားရေးမှူး — ဥက္ကဋ္ဌ
မြန်မာ့စီးပွားရေးဘဏ်

(၂) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

(၃) အထွေထွေမန်နေဂျာ — အဖွဲ့ဝင်
မြန်မာ့စီးပွားရေးဘဏ်

(၄) ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် — အဖွဲ့ဝင်
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

(၅) မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်းများကူညီရေးအသင်း — အဖွဲ့ဝင်

(၆) ဒုတိယအထွေထွေမန်နေဂျာ — အတွင်းရေးမှူး
မြန်မာ့စီးပွားရေးဘဏ်

(စ) ချေးငွေကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေ၏ အထွေထွေပိုလျှံရန်ပုံငွေမှ ခွဲဝေရရှိမည့်ငွေအား အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ ထုတ်ချေးရေး ဆောင်ရွက်ရန်၊

(၂) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသို့ ချေးငွေထုတ်ချေးရန်အတွက် လိုအပ်သည့် လုပ်ငန်းစဉ်အားလုံးကို သတ်မှတ်ရေးဆွဲပြီး ဦးဆောင်ကော်မတီသို့ တင်ပြရန်၊

(၃) ချေးငွေရယူထားသော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းမှ သတ်မှတ်ကာလတွင် အရင်းပေးဆပ်မှုနှင့် အတိုးပေးဆပ်မှု ရှိ မရှိ ကြီးကြပ်စစ်ဆေးရန်၊

(၄) ချေးငွေအတွက် အရင်းနှင့်အတိုး ပေးဆပ်ရန်ပျက်ကွက်သည့် အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများအား လုပ်ထုံးလုပ်နည်းနှင့်အညီ ပြန်လည်ပေးဆပ်ရန် ညှိနှိုင်းဆောင်ရွက် ရမည့်အပြင် ယင်းသို့ ချေးငွေပြန်လည်ပေးဆပ်ရန် ပျက်ကွက်မှုကို ဦးဆောင်ကော်မတီသို့ အစီရင်ခံတင်ပြရန်၊

(၅) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများမှ ချေးငွေသက်တမ်းတိုးအပါအဝင် အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများမှ တင်ပြသည့် ကိစ္စရပ်များအား ဦးဆောင်ကော်မတီသို့ တင်ပြပြီး မူဝါဒရယူဆောင်ရွက်ရန်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၄၀/၂၀၂၁)

### အတိုးနှုန်းသက်သာသောချေးငွေ ချေးငွေထုတ်ချေးရေးဦးဆောင်ကော်မတီ၊ ချေးငွေစိစစ်ရေးကော်မတီနှင့် ချေးငွေကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၁။ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ၏ ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၇ ရက်နေ့ အစည်းအဝေးဆုံးဖြတ်ချက်နှင့် ယင်းကော်မတီ၏ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၉ ရက်နေ့ အတည်ပြုချက်၊ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၂၀) ကြိုတင်ခွင့်ပြုချက်အရ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၏ အထွေထွေပိုလျှံရန်ပုံငွေမှ ကျပ် (၁၀၀) ဘီလီယံအား အသေးစား ငွေရေး ကြေးရေး အဖွဲ့အစည်းများမှတစ်ဆင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ အတွင်း အခြေတကျ ဆိုင်ဖွင့်လှစ်ရောင်းချလျက်ရှိသော လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်ငယ်များသို့ ရင်းနှီးမတည်ငွေ (ကာလတိုချေးငွေ) (၁) နှစ် ထုတ်ချေးနိုင်ရန် **ချေးငွေထုတ်ချေးရေးဦးဆောင်ကော်မတီ၊ ချေးငွေစိစစ်ရေးကော်မတီနှင့် ချေးငွေကြီးကြပ်ရေးအဖွဲ့** တို့အား အောက်ပါအတိုင်းပြင်ဆင် ဖွဲ့စည်း လိုက်သည်-

(က) **ချေးငွေထုတ်ချေးရေးဦးဆောင်ကော်မတီ**

| | | |
|---|---|---|
| (၁) | ဒုတိယဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့စီးပွားရေးဘဏ် | အဖွဲ့ဝင် |
| (၃) | ညွှန်ကြားရေးမှူးချုပ်<br>ငွေတိုက်ဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | အထွေထွေမန်နေဂျာ<br>မြန်မာ့စီးပွားရေးဘဏ် | အဖွဲ့ဝင် |

(၅) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

(၆) ဒုတိယညွှန်ကြားရေးမှူးချုပ်(၁) တွဲဖက်အတွင်းရေးမှူး
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

( ခ ) ချေးငွေထုတ်ချေးရေးဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများသို့ ချေးငွေထုတ်ချေးနိုင်ရေးအတွက် ကျပ် (၁၀၀) ဘီလီယံကို အထွေထွေပိုလျှံရန်ပုံငွေမှထုတ်ယူ၍ ငွေတိုက်ဦးစီးဌာနမှ မြန်မာ့စီးပွားရေးဘဏ်၏ငွေစာရင်းသို့ လွှဲပြောင်းထည့်သွင်းပေးရေးကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသို့ တင်ပြရန်၊

(၂) ချေးငွေစိစစ်ရေးကော်မတီက စိစစ်တင်ပြသည့် အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများ၏ ချေးငွေလျှောက်ထားမှုများအတွက် ချေးငွေထုတ်ချေးရေးအတည်ပြုခြင်း၊ ငြင်းပယ်ခြင်းအပါအဝင်လိုအပ်သောဆုံးဖြတ်ချက်များချမှတ်ရန်၊

(၃) ချေးငွေအပေါ်အတိုးကောက်ခံခြင်း၊ ချေးငွေပေးဆပ်ရန်ပျက်ကွက်သည့် အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများအား အရေးယူခြင်းအပါအဝင်လိုအပ်သည့် မူဝါဒညွှန်ကြားချက်များကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့်ဆောင်ရွက်ရန်၊

(၄) ချေးငွေစိစစ်ရေးကော်မတီနှင့် ချေးငွေကြီးကြပ်ရေးအဖွဲ့များအား လိုအပ်သလိုကြီးကြပ်ကွပ်ကဲရန်။

( ဂ ) **ချေးငွေစိစစ်ရေးကော်မတီ**

(၁) ညွှန်ကြားရေးမှူးချုပ် ဥက္ကဋ္ဌ
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

(၂) ဦးဆောင်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
မြန်မာ့စီးပွားရေးဘဏ်

(၃) အထွေထွေမန်နေဂျာ အဖွဲ့ဝင်
မြန်မာ့စီးပွားရေးဘဏ်

(၄) ဒုတိယညွှန်ကြားရေးမှူးချုပ် (၂) အဖွဲ့ဝင်
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

(၅) ဒုတိယညွှန်ကြားရေးမှူးချုပ်(၁) အတွင်းရေးမှူး
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

(ဃ) ချေးငွေစိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်းများ ကူညီရေးအသင်းမှ စုစည်းတင်ပြလာသော အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများ၏ ချေးငွေလျှောက်လွှာများကို သတ်မှတ်စံနှုန်းများနှင့် ကိုက်ညီမှု ရှိ မရှိ မြန်မာ့စီးပွားရေးဘဏ်နှင့် ပေါင်းစပ်ညှိနှိုင်းစိစစ်ရန်၊

(၂) ချေးငွေခွင့်ပြုရန် သတ်မှတ်စံနှုန်းများနှင့်ကိုက်ညီပြီး အချက်အလက်များခိုင်မာပြည့်စုံသော အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများ၏ ချေးငွေတစ်ခုချင်းအလိုက် ခွင့်ပြုသင့်သည့် ပမာဏကို ဦးဆောင်ကော်မတီသို့ ထောက်ခံတင်ပြရန်၊

(၃) ဦးဆောင်ကော်မတီမှ ခွင့်ပြုသောချေးငွေကို သက်ဆိုင်ရာအသေးစားငွေရေးကြေးရေး အဖွဲ့အစည်းသို့ ထုတ်ချေးနိုင်ရေးအတွက် မြန်မာ့စီးပွားရေးဘဏ်သို့ အကြောင်းကြားရန်၊

(၄) ချေးငွေအရင်းနှင့်အတိုး ပေးဆပ်ရန်ပျက်ကွက်သော အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းအား ကြပ်မတ်ထိန်းသိမ်းရေးအတွက် မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာနိုင်ငံ အသေးစားငွေရေးကြေးရေး လုပ်ငန်းများ ကူညီရေးအသင်းတို့နှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန်။

( င ) **ချေးငွေကြီးကြပ်ရေးအဖွဲ့**

| | | |
|---|---|---|
| (၁) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့စီးပွားရေးဘဏ် | ဥက္ကဋ္ဌ |
| (၂) | ညွှန်ကြားရေးမှူးချုပ်<br>ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | အထွေထွေမန်နေဂျာ<br>မြန်မာ့စီးပွားရေးဘဏ် | အဖွဲ့ဝင် |
| (၄) | ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်<br>ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်းများ<br>ကူညီရေးအသင်း | အဖွဲ့ဝင် |
| (၆) | ဒုတိယအထွေထွေမန်နေဂျာ<br>မြန်မာ့စီးပွားရေးဘဏ် | အတွင်းရေးမှူး |

( စ ) ချေးငွေကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေ၏ အထွေထွေပိုလျှံရန်ပုံငွေမှ ခွဲဝေရရှိမည့်ငွေအား အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ ထုတ်ချေးရေးဆောင်ရွက်ရန်၊

(၂) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသို့ ချေးငွေထုတ်ချေးရန်အတွက် လိုအပ်သည့် လုပ်ငန်းစဉ်အားလုံးကို သတ်မှတ်ရေးဆွဲပြီး ဦးဆောင်ကော်မတီသို့ တင်ပြရန်၊

(၃) ချေးငွေရယူထားသော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းမှ သတ်မှတ်ကာလတွင် အရင်း ပေးဆပ်မှုနှင့် အတိုးပေးဆပ်မှု ရှိ မရှိ ကြီးကြပ်စစ်ဆေးရန်၊

(၄) ချေးငွေအတွက် အရင်းနှင့်အတိုးပေးဆပ်ရန် ပျက်ကွက်သည့်အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအား လုပ်ထုံးလုပ်နည်းနှင့်အညီ ပြန်လည်ပေးဆပ်ရန် ညှိနှိုင်းဆောင်ရွက်ရမည့်အပြင် ယင်းသို့ ချေးငွေပြန်လည်ပေးဆပ်ရန် ပျက်ကွက်မှုကို ဦးဆောင်ကော်မတီသို့ အစီရင်ခံတင်ပြရန်၊

(၅) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများမှ ချေးငွေသက်တမ်းတိုးအပါအဝင် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများမှ တင်ပြသည့် ကိစ္စရပ်များအား ဦးဆောင်ကော်မတီသို့ တင်ပြပြီး မူဝါဒရယူဆောင်ရွက်ရန်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၁/၂၀၂၁)**

**စီမံကိန်းစီမံခန့်ခွဲမှုအဖွဲ့ Project Management Unit (PMU) ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံပိုင်ဘဏ်များ ပြုပြင်ပြောင်းလဲရေး အစီအစဉ်အရ ဘဏ္ဍာရေးတောင့်တင်းခိုင်မာပြီး ဈေးကွက်အတွင်း ယှဉ်ပြိုင်နိုင်မှုစွမ်းအားမြင့်မားသည့် တစ်ခုတည်းသောကူးသန်းရောင်းဝယ်ရေးဘဏ် ထူထောင်နိုင်ရေးကိစ္စနှင့်ပတ်သတ်၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ၂၀၂၁ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၂၁) ဖြင့် ဖွဲ့စည်းခဲ့သော စီမံကိန်းစီမံခန့်ခွဲမှုအဖွဲ့နှင့် ၎င်း၏လုပ်ငန်းတာဝန်များအား အောက်ပါအတိုင်း ပြင်ဆင် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ညွှန်ကြားရေးမှူးချုပ်<br>ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန | ဥက္ကဋ္ဌ |

| | | |
|---|---|---|
| (ခ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့စီးပွားရေးဘဏ် | အဖွဲ့ဝင် |
| (ဂ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | အဖွဲ့ဝင် |
| (ဃ) | ဒေါ်မိမိခိုင်<br>လက်ထောက်အထွေထွေမန်နေဂျာ<br>မြန်မာ့စီးပွားရေးဘဏ် | အဖွဲ့ဝင် |
| (င) | ဦးမင်းဇင်ဟန်<br>မန်နေဂျာ<br>မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | အဖွဲ့ဝင် |
| (စ) | ဦးသန်းစိုး<br>မန်နေဂျာ<br>မြန်မာ့စီးပွားရေးဘဏ် | အဖွဲ့ဝင် |
| (ဆ) | ဦးဝင်းနိုင်ဦး<br>အထွေထွေမန်နေဂျာ<br>မြန်မာ့စီးပွားရေးဘဏ် | အတွင်းရေးမှူး |

## ၂။ လုပ်ငန်းတာဝန်များ

(က) Business Plan အရ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်များကို ဥပဒေနှင့်အညီ မြန်မာ့စီးပွားရေးဘဏ်သို့ ရွှေ့ပြောင်းနိုင်ရေး၊ ဘဏ်နှစ်ဘဏ်က လက်ရှိဆောင်ရွက်လျက်ရှိသော ဘဏ်လုပ်ငန်းများ ပူးပေါင်းနိုင်ရေးနှင့် ဘဏ္ဍာရေးတောင့်တင်းခိုင်မာပြီး ဈေးကွက်အတွင်း ယှဉ်ပြိုင်နိုင်မှု စွမ်းအားမြင့်မားသော ကူးသန်းရောင်းဝယ်ရေးဘဏ် ထူထောင်နိုင်ရေးအတွက် လိုအပ်သည့် လုပ်ငန်းစဉ်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(ခ) လက်ရှိထုတ်ချေးလျက်ရှိသော ချေးငွေများအပြင် ဈေးကွက်အတွင်း လိုအပ်လျက်ရှိသော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် ဘက်စုံချေးငွေ ပုံစံသစ်များအား တီထွင်ထုတ်ချေးနိုင်ရေး စီမံဆောင်ရွက်ရန်၊

(ဂ) သတ်မှတ်ထားရှိသော ပြုပြင်ပြောင်းလဲရေး အစီအစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လုပ်ငန်းအဖွဲ့များ (Working Teams) အတွက် TOR နှင့် Selection Criteria များ သတ်မှတ်ခြင်း၊ မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့မှ ဝန်ထမ်းများအား လုပ်ငန်းအဖွဲ့များတွင် ရွေးချယ်တာဝန်ပေးအပ်ခြင်းတို့အား ဆောင်ရွက်ရန်၊

(ဃ) အနာဂတ်ဘဏ်အသစ်၏ ဖွဲ့စည်းအုပ်ချုပ်မှု (Corporate Governance)၊ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု (Risk Management)၊ လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု (Human Resources Development)၊ ဈေးကွက်ချိတ်ဆက်ဆောင်ရွက်မှု (Marketing)၊ ဘဏ်ခွဲများ စီမံခန့်ခွဲမှု(Branch Management)၊ တို့အား မူဘောင်များရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(င) အနာဂတ်ဘဏ်အသစ်အား မြန်မာနိုင်ငံစာရင်းကိုင်စံ (MFRS) နှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရေး၊ အထူးလိုအပ်လျက်ရှိသည့် CORE Banking System နှင့် Digital Banking System တို့အား အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရေးအတွက် လိုအပ်သည်များ ရေးဆွဲတင်ပြ အကောင်အထည်ဖော် ဆောင်ရွက်ရန်။

## အမိန့်ကြော်ငြာစာအမှတ် (၄၄/၂၀၂၁)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်
(၂၀၂၁ ခုနှစ်၊ မတ်လ ၂၂ ရက်)

**ရခိုင်ပြည်နယ်၊ မောင်တောခရိုင်အတွင်းရှိ မြို့နယ်များတွင် တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား အဆိုပါဒေသ၏ လက်ရှိအခြေအနေအရ ၂၀၂၁ ခုနှစ်၊ ဧပြီလ၊ မေလ၊ ဇွန်လ များအတွက် မူရင်းလစာ၏ ၂ ဆကို အထူးကိစ္စတစ်ရပ်အနေဖြင့် ဆက်လက်ခံစားခွင့်ပြုခြင်းနှင့် မောင်တောခရိုင်အတွင်းရှိ မြို့နယ်များတွင် တာဝန်ထမ်းဆောင်လျက်ရှိသော နေ့စားအလုပ်သမား များအား အဆိုပါဒေသ၏ လက်ရှိအခြေအနေအရ ၂၀၂၁ ခုနှစ်၊ ဧပြီလ၊ မေလ၊ ဇွန်လ များအတွက် တစ်ရက်လုပ်ခ ကျပ် ၆၅၀၀ နှုန်းကို အထူးကိစ္စတစ်ရပ်အနေဖြင့် ဆက်လက်ခံစားခွင့်ပြုခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ရခိုင်ပြည်နယ်၊ မောင်တောခရိုင်အတွင်းရှိ မြို့နယ်များတွင် တာဝန်ထမ်းဆောင်နေသော အဆင့်အလိုက် ဌာနဆိုင်ရာ နိုင်ငံ့ဝန်ထမ်းများအား မူရင်းလစာ၏ ၂ ဆနှင့် နေ့စားအလုပ်သမားများအား နေ့စားလုပ်ခကို ကျပ် ၆၅၀၀ နှုန်းဖြင့်လက်ရှိဖြစ်ပေါ်နေသော ဒေသဆိုင်ရာ လုံခြုံရေးအခြေအနေအရ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ၊ နိုဝင်ဘာလ၊ ဒီဇင်ဘာလများအတွက်မှစ၍ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လများအထိ အထူးကိစ္စတစ်ရပ်အနေဖြင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာများ ထုတ်ပြန်၍ ပြောင်းလဲပြင်ဆင် ခံစားခွင့်ပြုခဲ့ပါသည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၁) ၏ ခွင့်ပြုချက်အရ ရခိုင်ပြည်နယ်၊ မောင်တောခရိုင်အတွင်းရှိ မြို့နယ်များတွင် တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား အဆိုပါဒေသ၏ လက်ရှိအခြေအနေအရ **၂၀၂၁ ခုနှစ်၊ ဧပြီလ၊ မေလ၊ ဇွန်လများ အတွက်** မူရင်းလစာ၏ ၂ ဆကို အထူးကိစ္စတစ်ရပ်အနေဖြင့် ဆက်လက်ခံစားခွင့်ပြုလိုက်သည်။ ထို့ပြင် မောင်တော ခရိုင်အတွင်းရှိ မြို့နယ်များတွင် တာဝန်ထမ်းဆောင်လျက်ရှိသော နေ့စားအလုပ်သမားများအား အဆိုပါဒေသ၏လက်ရှိအခြေအနေအရ **၂၀၂၁ ခုနှစ်၊ ဧပြီလ၊ မေလ၊ ဇွန်လ များအတွက်** တစ်ရက်လုပ်ခ ကျပ် ၆၅၀၀ နှုန်းကို အထူးကိစ္စတစ်ရပ်အနေဖြင့် ဆက်လက်ခံစားခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၄၅/၂၀၂၁)

**ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား အဆိုပါဒေသ၏ လက်ရှိအခြေအနေအရ ၂၀၂၁ ခုနှစ်၊ ဧပြီလ၊ မေလ၊ ဇွန်လ များအတွက် မူရင်းလစာ၏ ၂ ဆကို အထူးကိစ္စတစ်ရပ်အနေဖြင့် ခံစားခွင့်ပြုခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်းတာဝန် ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား အဆိုပါဒေသ၏ လက်ရှိအခြေအနေအရ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ၊ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလနှင့် မတ်လ များမှစ၍ မူရင်းလစာ၏ ၂ ဆကို အထူးကိစ္စတစ်ရပ်အနေဖြင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် ၁၄၅/၂၀၂၀ ဖြင့် ပြောင်းလဲပြင်ဆင် ခံစားခွင့်ပြုခဲ့ပါသည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၁) ၏ ခွင့်ပြုချက်အရ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား အဆိုပါဒေသ၏ လက်ရှိအခြေအနေအရ **၂၀၂၁ ခုနှစ်၊ ဧပြီလ၊ မေလ၊ ဇွန်လ များအတွက်** မူရင်းလစာ၏ ၂ ဆကို အထူးကိစ္စတစ်ရပ်အနေဖြင့် ဆက်လက်ခံစားခွင့်ပြုလိုက်သည်။

ဝင်းရှိန်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၃/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၂၅ ရက်)

၂၀၂၁ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေး အမှတ်စဉ် (၆/၂၀၂၁) ၏ သဘောတူခွင့်ပြုချက်အရ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ အောက်ဖော်ပြပါ ဒုတိယဦးစီးမှူး (၃) ဦးတို့ကို ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများသို့ ၂၀၂၁ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့် ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ လက်ရှိရာထူးနှင့်လစာနှုန်း | တိုးမြှင့်သည့်ရာထူးနှင့်လစာနှုန်း |
|---|---|---|
| ၁။ | ဒေါ်နှင်းနှင်းဝေ<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| ၂။ | ဦးအောင်ကိုကိုဇော်<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| ၃။ | ဒေါ်မေသန္တာထွေး<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |

အောင်နိုင်ဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၀၃/၂၀၂၁)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၁၇ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ၏ (၈-၃-၂၀၂၁) ရက်စွဲပါ စာအမှတ်၊ ၂၀၀/၇-၂/ဦး ၆ (၁၂၂၄) အရ ညှိနှိုင်းချက်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၏ (၃၁-၁-၂၀၁၉) ရက်စွဲပါ စာအမှတ်၊ ၀၂၀/၆၆၉- မြေတိုင်း/အဖရ (၂၀၁၉) ပါအတည်ပြုချက်အရ ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ အမှတ်(၄) ရပ်ကွက်၊ အကွက်အမှတ် (၅၃-စီ)၊ ကျောက်လုံးကြီးတိုးချဲ့အကွက်အတွင်းရှိ လ/န(၃၉) ကျပြီး မြို့မြေဧရိယာ (၁၉.၄၈) ဧက အား မြို့မြေတိုင်းတာခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် **၂၀၁၉ ခုနှစ်၊ နယ်နိမိတ်တိုင်းတာ**

**ပိုင်းခြားသတ်မှတ်ရေးဥပဒေ အခန်း(၄)၊ ပုဒ်မ(၇)၊ ပုဒ်မခွဲ(ဂ) နှင့် (ဃ)** ပါ ပြဋ္ဌာန်းချက်တို့အရ မြဝတီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးအား **နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer)** အဖြစ် လည်းကောင်း၊ မြဝတီမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ **မြို့နယ်ဦးစီးဌာနမှူး** အား **နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer)** အဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေးခန့်အပ်လိုက်သည်။

တင်ထွဋ်ဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်
(၂၀၂၁ ခုနှစ်၊ မတ်လ ၂၃ ရက်)

၂၀၂၁ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၁) ဆုံးဖြတ်ချက်အရ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနမှတစ်ဆင့် သံဃာတော်များ၏ သာသနာရေးကိစ္စရပ်များ ဆောင်ရွက်ရန်အတွက် လှူဒါန်းရရှိသည့် အောက်ဖော်ပြပါ မော်တော်ယာဉ် (၄) စီးကို ပြည်ပတင်သွင်းယာဉ် မှတ်ပုံတင်ခ ကင်းလွတ်ခွင့်ပြုပါရန် လျှောက်ထားလာခြင်းနှင့်စပ်လျဉ်း၍ အဆိုပါယာဉ်များသည် လှူဒါန်းယာဉ်များဖြစ်ခြင်း၊ သာသနာရေးဆိုင်ရာ ''RLG'' မူသေအမှတ်ရယူထားသော ယာဉ်များဖြစ်ခြင်း၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ ကုန်သွယ်လုပ်ငန်းခွန်နှင့် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားသော ယာဉ်များဖြစ်ခြင်းကြောင့် ၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၂ အရ ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခကို ကင်းလွတ်ခွင့်ပြုလိုက်သည်–

(က) ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ဗညားဒလရပ်ကွက်၊ အောင်ဇေယျမြို့ပတ်လမ်း၊ နန်းဦးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပုညဝန္တသို့ လှူဒါန်းသည့် RLG–6588, FORD EXPLORER, 2016 Model မော်တော်ယာဉ် (၁) စီး၊

(ခ) ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့၊ အမှတ် (၁၂) ရပ်ကွက်၊ ဇမ္ဗူအေးအေတိတပ်ဦးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဥတ္တမသို့ လှူဒါန်းသည့် RLG–8853, TOYOTA FORTUNER, 2016 Model မော်တော်ယာဉ် (၁) စီး၊

(ဂ) မွန်ပြည်နယ်၊ သထုံမြို့၊ ဆိတ်ကျွန်းကျေးရွာ၊ ဆိတ်ကျွန်းကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒဝံသ သို့ လှူဒါန်းသည့် RLG–2534, TOYOTA FORTUNER, 2020 Model မော်တော်ယာဉ် (၁) စီး၊

(ဃ) မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ လက်ကောင်းရွာဦးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအရှင်ကေလာသသို့ လှူဒါန်းသည့် RLG–3667, TOYOTA HIGHLANDER, 2017 Model မော်တော်ယာဉ် (၁) စီး။

ဗိုလ်ချုပ်ကြီး တင်အောင်စန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၂၁)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၂၂ ရက်)

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးတွင် ၂၀၂၁ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့၌ ကျင်းပပြုလုပ်သည့် စီမံခန့်ခွဲမှုကော်မတီ၏ (၈/၂၀၂၁) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ မြန်မာ့သစ်လုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူးရုံး၊ စီမံခန့်ခွဲရေးဌာနမှ ဒုတိယအထွေထွေမန်နေဂျာ (စီမံရေး) ဦးမောင်မောင်လွင် အား ဦးဆောင်ညွှန်ကြားရေးမှူးရုံး၊ စီမံခန့်ခွဲရေး ဌာနတွင် လစ်လပ်သွားမည့် အထွေထွေမန်နေဂျာ (စီမံရေး)၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးနေရာသို့ တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၄၀/၂၀၂၁)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၂၅ ရက်)

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ အကောင်အထည်ဖော်ဆောင်ရွက်နေသောလုပ်ငန်းများကို ညှိနှိုင်းပေါင်းစပ်ဆုံးဖြတ်သွားနိုင်ရေးအတွက် **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ** ကို အောက်ဖော်ပြပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဦးခင်မောင်ရီ<br>ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဦးမင်းမင်းဦး<br>ဒုတိယဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒေါက်တာညီညီကျော်<br>ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးစောဂျွန်ရွှေဘ<br>ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့သစ်လုပ်ငန်း | အဖွဲ့ဝင် |

| | | |
|---|---|---|
| ( င ) | ဦးဌေးအောင်<br>ညွှန်ကြားရေးမှူးချုပ်<br>အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ( စ ) | ဦးလှမောင်သိန်း<br>ညွှန်ကြားရေးမှူးချုပ်<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးသက်ဦး<br>ညွှန်ကြားရေးမှူးချုပ်<br>မြေတိုင်းဦးစီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | ဒေါက်တာခင်မောင်ဆင့်<br>ပါမောက္ခချုပ်<br>သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် | အဖွဲ့ဝင် |
| ( ဈ ) | ဦးခင်လတ်ကြီး<br>ညွှန်ကြားရေးမှူးချုပ်<br>သတ္တုတွင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ဒေါက်တာသက်တင်ညွှန့်<br>ညွှန်ကြားရေးမှူးချုပ်<br>ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန | အဖွဲ့ဝင် |
| ( ဋ ) | ဒေါက်တာသိန်းစိုး<br>ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ် (၁) သတ္တုတွင်းလုပ်ငန်း | အဖွဲ့ဝင် |
| ( ဌ ) | ဦးအေးဇော်<br>ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ် (၂) သတ္တုတွင်းလုပ်ငန်း | အဖွဲ့ဝင် |
| ( ဍ ) | ဦးမင်းသူ<br>ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| ( ဎ ) | ဦးဌေးအောင်<br>ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (ဏ) | ဒေါက်တာညီညီကျော်<br>အမြဲတမ်းအတွင်းဝန်<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (တ) | ဦးကျော်ဇော<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>(ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ)<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

(ထ) ဒေါက်တာအောင်သူရိန်ဝင်း    တွဲဖက်အတွင်းရေးမှူး
ဒုတိယအမြဲတမ်းအတွင်းဝန်(သတ္တုရေးရာ)
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

၂။ ဤဝန်ကြီးဌာန စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နိုင်ငံတော်အကြီးအကဲများ၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအုပ်ချုပ်မှုရုံး အစည်းအဝေးတွင် ညွှန်ကြားချက်များ၊ နိုင်ငံတော်အဆင့်ဖွဲ့စည်းထားသည့် ဗဟိုကော်မတီ၊ ဦးစီးကော်မတီအသီးသီး၏ ညွှန်ကြားချက်များ၊ နိုင်ငံတော်အကြီးအကဲများ၏ ခရီးစဉ်များမှ ညွှန်ကြားချက်များအရ ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ နိုင်ငံတော်အကြီးအကဲများမှ တာဝန်ပေးအပ်ထားသည့် အထူးစီမံကိန်းဆိုင်ရာ လုပ်ငန်းများ၊ ဝန်ကြီးဌာန၏ ဥပဒေနှင့် မူဝါဒရေးရာကိစ္စရပ်များ၊ မမျှော်လင့်ထားသော သဘာဝဘေး အန္တရာယ်များကျရောက်ပါက မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းရပ်များကို စနစ်တကျ ကြပ်မတ် ဆောင်ရွက်သွားရန်၊

(ခ) ဝန်ကြီးရုံး၊ ဦးစီးဌာန/လုပ်ငန်းများနှင့် တက္ကသိုလ်တို့၏ ဖွဲ့စည်းပုံတိုးချဲ့ခြင်း၊ ဝန်ထမ်းများ ခန့်အပ်ခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ နုတ်ထွက်ခြင်း၊ အပြစ်ပေးအရေးယူခြင်း စသည့်ကိစ္စရပ်များနှင့် သက်သာချောင်ချိရေးဆိုင်ရာ လုပ်ငန်းများကို စနစ်တကျ ကြီးကြပ် ဆောင်ရွက်ရန်၊

(ဂ) နိုင်ငံတော်ဘဏ္ဍာငွေ အရ/အသုံးများဆိုင်ရာလုပ်ငန်းများ၊ ရသုံးမှန်းခြေငွေစာရင်း ခွင့်ပြုချက်များ အရ အသုံးစရိတ်ကျခံရခြင်းများ၊ ဝန်ကြီးဌာနရန်ပုံငွေမှ သုံးစွဲဆောင်ရွက်ရမည့်လုပ်ငန်းများ၊ BE/ဖြည့်စွက်ခွင့်ပြုတောင်းခံခြင်းနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရေး ကြပ်မတ်ရန်၊

(ဃ) နိုင်ငံခြားတိုင်းပြည်နှင့် ဆက်သွယ်ဆောင်ရွက်သောကိစ္စရပ်များ၊ နှစ်နိုင်ငံသဘောတူညီမှု လက်မှတ်ရေးထိုးရေးကိစ္စများ၊ နိုင်ငံခြားငွေသုံးစွဲမှုနှင့် အကျိုးဝင်သောကိစ္စရပ်များ၊ လေလံတင် ရောင်းချရေးကိစ္စရပ်များ၊ တင်ဒါခေါ်ယူဆောင်ရွက်ပြီးစီးမှုကိစ္စရပ်များကို ကော်မတီသို့ တင်ပြစေ၍ ကော်မတီမှ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရေး ကြပ်မတ်ရန်၊

(င) တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့တို့မှ ညှိနှိုင်းလာသော ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ၊ ဌာနပိုင်မြေနှင့် အဆောက်အဦများ ငှားရမ်းခြင်း၊ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုခြင်းနှင့် အထွေထွေ ကိစ္စရပ်များ ဆွေးနွေးဆုံးဖြတ်သွားရန်။

၃။ ယခင်ထုတ်ပြန်ထားသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၀၈/၂၀၁၈)၊ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၀၅/၂၀၂၀) နှင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၇/၂၀၂၁)တို့အား ဤစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ခင်မောင်ရီ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၅၆/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၁၇ ရက်)

၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၅) နှင့် ပုဒ်မ (၄၅) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုသုံးစွဲလျက် အဆိုပါ ဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအရ မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့ရှိ နန်ယန်းဖိုင်းနန့်မြန်မာ ကုမ္ပဏီလီမိတက် (နတ်မောက်) NONGHYUP FINANCE MYANMAR COMPANY LIMITED အား စတင်မှတ်ပုံတင်သည့်နေ့မှစ၍ လူမှုဖူလုံရေးအဖွဲ့နှင့် အကျုံးဝင်သက်ဆိုင်စေရမည်ဟု ကြေညာလိုက်သည်။ ထို့အပြင် အဆိုပါဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအလို့ငှာ မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့ရှိ နန်ယန်းဖိုင်းနန့်မြန်မာ ကုမ္ပဏီလီမိတက် (နတ်မောက်) NONGHYUP FINANCE MYANMAR COMPANY LIMITED အား မကွေးမြို့၊ မြို့နယ်လူမှုဖူလုံရေးရုံးတွင် မှတ်ပုံတင်ရမည်ဟု ကြေညာလိုက်သည်။

ဦးမြင့်ကြိုင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၈ ရက်)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ မော်တော်ယာဉ်အရောင်းပြခန်း (Show Room) တွင် ရောင်းချရန် မော်တော်ယာဉ်တင်သွင်းရာ၌ အောက်ဖော်ပြပါ စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်–

(က) မော်တော်ယာဉ်အရောင်းပြခန်း ဖွင့်လှစ်ရန် မြန်မာနိုင်ငံသားမှဖြစ်စေ၊ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသား ဖက်စပ်ဆောင်ရွက်ခြင်းဖြင့်ဖြစ်စေ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် ဝန်ဆောင်မှုကုမ္ပဏီအဖြစ် မှတ်ပုံတင်လက်မှတ်ရရှိထားသည့် ကုမ္ပဏီဖြစ်ရမည်ဖြစ်ပြီး ယင်းကုမ္ပဏီသည် တစ်ဖက်နိုင်ငံရှိ ပင်ရင်းကုမ္ပဏီမှဖြစ်စေ၊ ဒေသဆိုင်ရာရုံး (Regional Office) မှဖြစ်စေ မော်တော်ယာဉ်အသစ်များ ဖြန့်ဖြူးရောင်းချရေး ကိုယ်စားလှယ် (Distributorship) သို့မဟုတ် အရောင်းကိုယ်စားလှယ် (Dealership) အဖြစ် တရားဝင်ခန့်အပ်ခြင်းခံရသည့် ကုမ္ပဏီ ဖြစ်ရမည်။

( ခ ) မော်တော်ယာဉ်အရောင်းပြခန်း ဖွင့်လှစ်ဆောင်ရွက်နေသည့်ကုမ္ပဏီများသည် ပြည်တွင်းအခွန်များဦးစီးဌာနတွင် အခွန်ကင်းရှင်းကြောင်း ထောက်ခံချက်တင်ပြရမည်။

( ဂ ) မော်တော်ယာဉ်အရောင်းပြခန်း ဖွင့်လှစ်ဆောင်ရွက်မည့် ကုမ္ပဏီသည် အာမခံငွေ (Deposit) အဖြစ် မြန်မာငွေကျပ် သိန်း (၁,၀၀၀) ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိအမှတ်ပြုသည့်ဘဏ်တွင် သီးခြားငွေစာရင်းဖွင့်လှစ်၍ ထည့်သွင်းသိမ်းဆည်းထားရမည်။

(ဃ) မော်တော်ယာဉ်အရောင်းပြခန်းတွင် ရောင်းချရန် တင်သွင်းလာသည့် မော်တော်ယာဉ်များသည် အသုံးမပြုရသေးသော အသစ် (Brand New) ဖြစ်ရမည်။

( င ) တင်သွင်းလာမည့် မော်တော်ယာဉ်များ၏ Model Year သည် ရောက်ရှိသည့်ခုနှစ်နှင့် ရောက်ရှိသည့် ခုနှစ်၏ တစ်နှစ်အောက်နိမ့်သော မော်ဒယ်နှစ်ဖြစ်ပြီး ဘယ်မောင်းစတီယာရင် ယာဉ်ကိုသာ တင်သွင်းရမည်။

( စ ) မော်တော်ယာဉ်အရောင်းပြခန်းတွင် ပြသရောင်းချမည့် မော်တော်ယာဉ်များကို တင်သွင်းရာတွင် အပ်ကုန်စနစ် (Consignment Basic) အပြင် ငွေလွှဲစာတမ်းဖြင့်ပေးချေသည့်စနစ် (Letter of Credit –LC) သို့မဟုတ် ကြေးနန်းငွေလွှဲပို့နည်းစနစ် (Telegraphic Transfer–TT) ဖြင့် တင်သွင်းနိုင်သည်။

(ဆ) မော်တော်ယာဉ်များကိုတင်သွင်းရာတွင် တင်သွင်းခွင့်ပြုသည့် လိုင်စင်သက်တမ်းကာလအတွင်း ဆိပ်ကမ်း သို့မဟုတ် သက်ဆိုင်ရာနယ်စပ်ကုန်သွယ်ရေးစခန်းအရောက် တင်သွင်းရမည်။

( ဇ ) မော်တော်ယာဉ်အရောင်းပြခန်းများတွင် ရောင်းချရန်အတွက် တင်သွင်းလိုသည့် မော်တော်ယာဉ် အရေအတွက်နှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သတ်မှတ်သည့်အရေအတွက်အတိုင်းသာ တင်သွင်းရမည်ဖြစ်ပြီး နှစ်စဉ်အတည်ပြုထုတ်ပြန်သော မော်တော်ယာဉ်အမျိုးအစားများအတိုင်းသာ တင်သွင်းရမည်။

(ဈ) တင်သွင်းလာသော မော်တော်ယာဉ်များကို သတ်မှတ်ထားသော မော်တော်ယာဉ်အရောင်းပြခန်းနှင့် သိုလှောင်ရုံတွင်သာ ထားရှိရမည်။ ယင်းအရောင်းပြခန်းမှအပ အခြားနေရာများတွင် ပြသရောင်းချခြင်းကို ဆောင်ရွက်လိုပါက သီးခြားခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။ ဝယ်သူအား ရောင်းချခြင်း မပြုမီ လမ်းများပေါ်တွင် မောင်းနှင်အသုံးပြုခြင်း လုံးဝ (လုံးဝ) မပြုလုပ်ရ။

(ည) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာစည်ပင်သာယာရေး အဖွဲ့များထံမှ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရန် လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားရမည်။ ယင်းသို့ လျှောက်ထားစဉ် ကာလအတွင်း အခြားအခြေခံအချက်များ ပြည့်စုံပြီးဖြစ်ပါက သက်ဆိုင်ရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မှန်ကန်ကြောင်း ထောက်ခံချက်ဖြင့် (၆) လ ယာယီခွင့်ပြုနိုင်သည်။

( ဋ ) မော်တော်ယာဉ်အရောင်းပြခန်းကို အဆင့်မီစွာ တည်ထောင်ဆောင်ရွက်ရမည်။

( ဌ ) တင်သွင်းသည့်မော်တော်ယာဉ်အသစ်များအတွက် လိုအပ်သည့်အာမခံမှု၊ အပိုပစ္စည်းများ (Spare Parts) ရောင်းချနိုင်မှု၊ ရောင်းချပြီးနောက်ပိုင်း ပြင်ဆင်မှုများ (After Sale Services) များကို ဆောင်ရွက်နိုင်မည့် အလုပ်ရုံကို တည်ထောင်ဆောင်ရွက်ရမည်။

( ဍ ) အရောင်းပြခန်း ဖွင့်လှစ်မည့်နေရာနှင့် သိုလှောင်ရုံသတ်မှတ်ချက်သည် စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သော စံနှုန်းသတ်မှတ်ချက်များနှင့်အညီ လိုက်နာ ဆောင်ရွက်ရမည်။

( ဎ ) မော်တော်ယာဉ်အရောင်းပြခန်းနှင့် သိုလှောင်ရုံနေရာသည် ယင်းအရောင်းပြခန်းဖွင့်လှစ်မည့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ တည်ရှိရမည်။

(ဏ) မော်တော်ယာဉ်အရောင်းပြခန်း၏ အကျယ်အဝန်းသည် စတုရန်းပေ (၁၄၀၀၀) နှင့် သိုလှောင်ရုံ၏ အကျယ်အဝန်းသည် စတုရန်းပေ (၅၀၀၀) ရှိရမည်။

(တ) မော်တော်ယာဉ်အရောင်းပြခန်း ဖွင့်လှစ်ခွင့်ရရှိသည့်ကုမ္ပဏီသည် ခွင့်ပြုထားသော မော်တော်ယာဉ် တင်သွင်းခွင့်လိုင်စင်ကို အခြားသူတစ်ဦးသို့ လွှဲပြောင်းရောင်းချခြင်းမပြုရ။

(ထ) အရောင်းပြခန်းများမှ ရောင်းချသည့်မော်တော်ယာဉ်များကို ဝယ်ယူအသုံးပြုသူအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် ဝယ်ယူခွင့်ပါမစ်ရရှိပြီးမှသာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနတွင် ကနဦးမှတ်ပုံတင်ခြင်း ဆောင်ရွက်ရမည်။

( ဒ ) မော်တော်ယာဉ်အရောင်းပြခန်း ဖွင့်လှစ်သည့်ကုမ္ပဏီသည် အရောင်းပြခန်းတွင် (၂) နှစ်အတွင်း မရောင်းရသော မော်တော်ယာဉ်များ သို့မဟုတ် လုပ်ငန်းရပ်ဆိုင်း၍ ကျန်ရှိနေသော မော်တော်ယာဉ် များနှင့်စပ်လျဉ်း၍ စာရင်းရှင်းလင်းခြင်းနှင့် မှတ်ပုံတင်ခြင်းကို ဆိပ်ကမ်းရောက်ရှိပြီး (၂) နှစ်အတွင်း အပြီးဆောင်ရွက်ရမည်။

( ဓ ) မော်တော်ယာဉ်အရောင်းပြခန်းတွင် ရောင်းချရန် တင်သွင်းခဲ့သည့် မော်တော်ယာဉ်များနှင့်စပ်လျဉ်း၍ ထားရှိရမည့် စာရွက်စာတမ်း၊ လယ်ဂျာစာရင်းစာအုပ်စသည်တို့ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနကဖြစ်စေ၊ ဝန်ကြီးဌာနက တာဝန်ပေးအပ်ထားသော အဖွဲ့အစည်းကဖြစ်စေ အခါအားလျော်စွာ ဝင်ရောက်စစ်ဆေးခြင်းကို သက်ဆိုင်ရာလုပ်ငန်းရှင်မှ ခွင့်ပြုရမည်။

( န ) အရောင်းပြခန်းလက်မှတ်၊ စီးပွားရေးအကျိုးဆောင် မှတ်ပုံတင်လက်မှတ်တို့ကို သက်တမ်းမကုန်မီ ၆၀ ရက်ကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားနိုင်ပြီး ထိုသို့လျှောက်ထားရာတွင် ပြည်တွင်းအခွန်များဦးစီးဌာနက ထုတ်ပေးသည့် အခွန်ပေးဆောင်ပြီးကြောင်း အထောက်အထား ပါရှိရမည်။

၃။ အပိုဒ် ၂ ပါ စည်းကမ်းချက်များအား လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက် သွားမည်။

## အမိန့်ကြော်ငြာစာအမှတ် (၂၅/၂၀၂၁)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ ဆောက်လုပ်ရေးလုပ်ငန်းသုံး စက်ယန္တရားများနှင့် လုပ်ငန်းသုံးယန္တရားများအား အရောင်းပြခန်း (Show Room) များတွင် ရောင်းချရန် တင်သွင်းရာ၌ အောက်ဖော်ပြပါ စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်–

(က) ယန္တရားအရောင်းပြခန်းဖွင့်လှစ်ရန် မြန်မာနိုင်ငံသားကဖြစ်စေ၊ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသား ဖက်စပ်ဆောင်ရွက်ခြင်းဖြင့်ဖြစ်စေ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် ဝန်ဆောင်မှု ကုမ္ပဏီအဖြစ် မှတ်ပုံတင်လက်မှတ်ရရှိထားသည့် ကုမ္ပဏီဖြစ်ရမည်ဖြစ်ပြီး ပို့ကုန်သွင်းကုန် လုပ်ငန်းရှင် မှတ်ပုံတင်ခြင်းနှင့် စီးပွားရေးအကျိုးဆောင်မှတ်ပုံတင်ခြင်း ဆောင်ရွက်ပြီးဖြစ်ရမည်။ ၎င်းကုမ္ပဏီသည် နိုင်ငံခြားရှိ ပင်ရင်းကုမ္ပဏီမှဖြစ်စေ၊ ဒေသဆိုင်ရာ (Regional Office) မှဖြစ်စေ စက်ယန္တရားအသစ်များ ဖြန့်ဖြူးရောင်းချရေးကိုယ်စားလှယ် (Distributorship) ဖြင့် တရားဝင် ခန့်အပ်ခြင်းခံရသူဖြစ်ရမည်။

( ခ ) မော်တော်ယာဉ်အရောင်းစင်တာ ဖွင့်လှစ်ခွင့်ဆောင်ရွက်နေသည့်ကုမ္ပဏီများသည် ပြည်တွင်းအခွန်များ ဦးစီးဌာနတွင် အခွန်ကင်းရှင်းကြောင်း ထောက်ခံချက်တင်ပြမှသာ လုပ်ငန်းဆောင်ရွက်ခွင့်ပြုမည်။

(ဂ) ယန္တရားအရောင်းပြခန်း ဖွင့်လှစ်မည့်ကုမ္ပဏီသည် တစ်ဖက်ကုန်ရောင်းသည့်ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုရမည်။

(ဃ) ယန္တရားအရောင်းပြခန်း ဖွင့်လှစ်မည့်ကုမ္ပဏီသည် တစ်ဖက်ကုန်ရောင်းသည့်ကုမ္ပဏီနှင့် ချုပ်ဆိုထားသည့် စာချုပ်ကိုတင်ပြ၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ရမည်။

(င) ယန္တရားအရောင်းပြခန်း ဖွင့်လှစ်ဆောင်ရွက်မည့် ကုမ္ပဏီသည် အာမခံငွေ (Deposit) အဖြစ် မြန်မာကျပ်ငွေ သိန်း (၁,၀၀၀) ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အသိအမှတ်ပြုထားသည့်ဘဏ်တွင် သီးခြားငွေစာရင်းဖွင့်လှစ်၍ ထည့်သွင်းသိမ်းဆည်းထားရမည်။

(စ) တင်သွင်းလာမည့်ယန္တရားများ၏ ထုတ်လုပ်ခုနှစ် (Model Year) သည် လက်ရှိရောက်ရှိသည့်ခုနှစ်မှ (၃) နှစ်အတွင်း အသုံးမပြုရသေးသော ယန္တရားဖြစ်ရမည်။

(ဆ) အရောင်းပြခန်းတွင် ရောင်းချမည့် ယန္တရားများကို တင်သွင်းရာတွင် ငွေလွှဲစာတမ်းဖြင့်ပေးချေသည့်စနစ် (Letter of Credit–LC) သို့မဟုတ် ကြေးနန်းငွေလွှဲပို့နည်းစနစ် (Telegraphic Transfer–TT) ဖြင့် တင်သွင်းနိုင်သည်။

(ဇ) ယန္တရားများကို တင်သွင်းရာတွင် တင်သွင်းခွင့်ပြုသည့် လိုင်စင်သက်တမ်းကာလအတွင်း ဆိပ်ကမ်း သို့မဟုတ် သက်ဆိုင်ရာနယ်စပ်ကုန်သွယ်ရေးစခန်းအရောက် တင်သွင်းရမည်။

(ဈ) ယန္တရားအရောင်းပြခန်းများတွင် ရောင်းချရန် တင်သွင်းလိုသည့် ယန္တရားအရေအတွက်နှင့် စပ်လျဉ်း၍ မော်တော်ယာဉ်တင်သွင်းခြင်းနှင့်သက်ဆိုင်သော လုပ်ငန်းများကြီးကြပ်ရေးကော်မတီက အခါအားလျော်စွာ ထုတ်ပြန်သတ်မှတ်သည့် အရေအတွက်အတိုင်းသာ တင်သွင်းရမည်။

(ည) တင်သွင်းလာသော ယန္တရားများကို သတ်မှတ်ထားသော ယန္တရားအရောင်းပြခန်းတွင်သာ ထားရှိရမည်။ ယင်းအရောင်းပြခန်းတွင် ဝယ်သူအားရောင်းချခြင်းမပြုမီ လမ်းများပေါ်တွင် မောင်းနှင်အသုံးပြုခြင်း လုံးဝမပြုလုပ်ရ။

(ဋ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာစည်ပင်သာယာရေး အဖွဲ့များထံမှ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရန် လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားရမည်။ ယင်းသို့ လျှောက်ထားစဉ်ကာလအတွင်း အခြားအခြေခံအချက်များပြည့်စုံပြီးဖြစ်ပါက သက်ဆိုင်ရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မှန်ကန်ကြောင်း ထောက်ခံချက်ဖြင့် (၆) လ ယာယီခွင့်ပြုနိုင်သည်။

(ဌ) အရောင်းပြခန်း၏ လုပ်ငန်းဆောင်ရွက်မှုအပေါ်မူတည်၍ စက်ယန္တရား/ယန္တရားအမှတ်တံဆိပ် (Brand) ကို တစ်မျိုးထက်ပိုမို၍ စိစစ်ဆောင်ရွက်ခွင့်ပြုမည်။

(ဍ) အရောင်းပြခန်းများတွင် ရောင်းချရန်အတွက် တင်သွင်းလိုသည့်ယန္တရားအရေအတွက်နှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သတ်မှတ်သည့် အရေအတွက်အတိုင်းသာ တင်သွင်းရမည်။

(ဎ) တင်သွင်းလာမည့် လုပ်ငန်းသုံးယန္တရားများ၏ ယာဉ်အလေးချိန် (Vehicle Weight) နှင့်စပ်လျဉ်း၍ တန် ၆၀ ထက်မပိုသော ယာဉ်များကိုသာ ခွင့်ပြုမည်။

(ဏ) ချိန်းတပ်ယန္တရားများကို သယ်ယူပြောင်းရွှေ့ရာတွင် လမ်းတံတားများ မပျက်စီးစေရန်အတွက် ဝန်တင်ယာဉ် (Transporter) ဖြင့်သာ သယ်ဆောင်ရမည်။

(တ) ချိန်းတပ်ယန္တရားများနှင့် ၎င်းတို့ကိုသယ်ယူပို့ဆောင်သည့်ဝန်တင်ယာဉ်(၂)မျိုးပေါင်းအလေးချိန်သည် လမ်းတံတားများ ခံနိုင်ဝန် တန် ၆၀ ထက်ကျော်လွန်ခြင်းမရှိရ။ တန် ၆၀ အထက်ကျော်လွန်ပါက အပိုင်းလိုက်ဖြုတ်၍ ယာဉ်တစ်စီးစီနှင့် ခွဲခြားသယ်ဆောင်ရမည်။ (ဥပမာ–Backhoe ၏ မောင်းတံ၊ မြေကော်စသည်ဖြင့်)

(ထ) တင်သွင်းသည့် ယန္တရားများအတွက် လိုအပ်သည့်အာမခံမှု၊ အပိုပစ္စည်းများ (Spare Parts) ရောင်းချနိုင်မှု၊ ရောင်းချပြီးနောက်ပိုင်းပြင်ဆင်မှုများ (After Sale Services) ကို ဆောင်ရွက်နိုင်မည့် အလုပ်ရုံတည်ထောင်မှုတို့ကို ဆောင်ရွက်နိုင်သူဖြစ်ရမည်။

(ဒ) ယန္တရားအရောင်းပြခန်း ပြုလုပ်မည့် မြေဧရိယာ၏ အကျယ်အဝန်းသည် (၃) ဧကအောက်ဖြစ်ပါက ယာဉ်ယန္တရားသိုလှောင်နေရာ၊ ယာဉ်ယန္တရား စက်ပြင် အလုပ်ရုံနှင့် ယာဉ်ယန္တရားအရောင်းပြခန်းနေရာ (၃) ခုပေါင်း၏ ဧရိယာသည် အနည်းဆုံး (၃) ဧက ရှိရမည်။

(ဓ) စက်ယန္တရားများပြုပြင်ရန် လိုအပ်သော ပစ္စည်းအပြည့်အစုံပါသော ယာဉ်ယန္တရား စက်ပြင်အလုပ်ရုံ (Workshop) သည် အနည်းဆုံး (၅၀၀၀) စတုရန်းပေရှိရမည်။

(န) အရောင်းပြခန်း ဖွင့်လှစ်သည့်နေရာသည် မြို့တွင်းဧရိယာ (Down Town Area) ၏ ပြင်ပတွင်ဖြစ်ရမည်။

(ပ) အရောင်းပြခန်းတည်ရှိရာမြေသည်မိမိပိုင်မြေဖြစ်လျှင်ကုမ္ပဏီဒါရိုက်တာတစ်ဦးဦး၏အမည်ပါရှိသည့် မူရင်းဂရန်အထောက်အထားရှိရမည်။

(ဖ) အကယ်၍ မြေငှားဖြစ်လျှင် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တံဆိပ်ခေါင်းကပ် မှတ်ပုံတင်ထားသည့် အနည်းဆုံး (၃) နှစ် သက်တမ်းရှိသည့် မြေငှားစာချုပ် မူရင်းအထောက်အထား တင်ပြရမည်။

(ဗ) အရောင်းပြခန်း ဖွင့်လှစ်မည့်နေရာနှင့် သိုလှောင်ရုံသတ်မှတ်ချက်သည် မော်တော်ယာဉ်တင်သွင်းခြင်းနှင့်သက်ဆိုင်သော လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီက အခါအားလျော်စွာ ထုတ်ပြန်သော စံနှုန်းသတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်။

(ဘ) ယန္တရားအရောင်းပြခန်းနှင့် သိုလှောင်ရုံနေရာသည် ယင်းအရောင်းပြခန်းဖွင့်လှစ်မည့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ တည်ရှိရမည်။

(မ) ယန္တရားအရောင်းပြခန်း ဖွင့်လှစ်ခွင့်ရရှိသည့် ကုမ္ပဏီသည် ခွင့်ပြုထားသော ယန္တရားတင်သွင်းခွင့် လိုင်စင်ကို အခြားသူတစ်ဦးသို့ လွှဲပြောင်းရောင်းချခြင်းမပြုရ။

(ယ) အရောင်းပြခန်းများမှ ရောင်းချသည့်လုပ်ငန်းသုံး ယန္တရားများအား ဝယ်ယူအသုံးပြုသူသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် ဝယ်ယူခွင့်ပါမစ်ရရှိပြီးမှသာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ကနဦးမှတ်ပုံတင်ခြင်း ဆောင်ရွက်ရမည်။

(ရ) ရောင်းချမည့်ကုမ္ပဏီအမည်၊ ရောင်းချသည့် စက်ယန္တရား/ယန္တရားအမှတ်တံဆိပ်အမျိုးအစား၊ ရောင်းချသည့်အရေအတွက်၊ အသုံးပြုမည့်လုပ်ငန်း တည်ရှိရာဒေသ၊ ရောင်းချမည့်ကုမ္ပဏီ၏ လုပ်ငန်းအမျိုးအစား (တူးဖော်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း) စသည်ဖြင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ နှစ်စဉ် အစီရင်ခံစာ (Annual Report) တင်ပြရမည်။

(လ) ယန္တရားအရောင်းပြခန်း ဖွင့်လှစ်သည့်ကုမ္ပဏီသည် အရောင်းပြခန်းတွင် (၃) နှစ်အတွင်း မရောင်းရသော ယန္တရားများကိုဖြစ်စေ၊ လုပ်ငန်းရပ်ဆိုင်း၍ ကျန်ရှိနေသော ယန္တရားများကိုဖြစ်စေ ဆိပ်ကမ်းရောက်ရှိပြီး (၃) နှစ်အတွင်း စာရင်းရှင်းလင်းခြင်း၊ မှတ်ပုံတင်ခြင်းတို့ကို အပြီးဆောင်ရွက်ရမည်။

(ဝ) ယန္တရားအရောင်းပြခန်းတွင် ရောင်းချရန် တင်သွင်းခဲ့သည့် ယန္တရားများနှင့်စပ်လျဉ်း၍ ထားရှိရမည့် စာရွက်စာတမ်း၊ လယ်ဂျာစာရင်းစာအုပ်စသည်တို့ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကဖြစ်စေ၊ ဝန်ကြီးဌာနကတာဝန်ပေးအပ်ထားသော အဖွဲ့အစည်းကဖြစ်စေ အခါအားလျော်စွာ ဝင်ရောက်စစ်ဆေးခြင်းကို သက်ဆိုင်ရာလုပ်ငန်းရှင်မှ ခွင့်ပြုရမည်။

(သ) အရောင်းပြခန်းလက်မှတ်၊ စီးပွားရေးအကျိုးဆောင် မှတ်ပုံတင်လက်မှတ်တို့ကို သက်တမ်းမကုန်မီ ၉၀ ရက်ကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားနိုင်ပြီး ထိုသို့လျှောက်ထားရာတွင် ပြည်တွင်းအခွန်များဦးစီးဌာနက ထုတ်ပေးသည့် အခွန်ပေးဆောင်ပြီးကြောင်း အထောက်အထားပါရှိရမည်။

၃။ အပိုဒ် ၂ ပါ စည်းကမ်းချက်များအား လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်။

## အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၂၁)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ လုပ်ငန်းသုံးမော်တော်ယာဉ်အရောင်းစင်တာ (Sale Centre) တွင်ရောင်းချရန် မော်တော်ယာဉ်တင်သွင်းရာ၌ အောက်ဖော်ပြပါ စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(က) လုပ်ငန်းသုံးမော်တော်ယာဉ် အရောင်းစင်တာဖွင့်လှစ်မည့် ကုမ္ပဏီသည် တစ်ဖက် ကုန်ရောင်းသူနှင့် ချုပ်ဆိုထားသည့်သဘောတူစာချုပ် (Agreement) ကိုတင်ပြ၍စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ရမည်။

( ခ ) မော်တော်ယာဉ် အရောင်းစင်တာ ဖွင့်လှစ်ခွင့်ဆောင်ရွက်နေသည့် ကုမ္ပဏီသည် ပြည်တွင်းအခွန်များဦးစီးဌာနတွင် အခွန်ကင်းရှင်းကြောင်းထောက်ခံချက်တင်ပြမှသာ လုပ်ငန်းဆောင်ရွက်ခွင့်ပြုမည်။

( ဂ ) လုပ်ငန်းသုံးမော်တော်ယာဉ် အရောင်းစင်တာဖွင့်လှစ်ဆောင်ရွက်မည့် ကုမ္ပဏီသည်အာမခံငွေ (Deposit) အဖြစ် မြန်မာကျပ်ငွေ သိန်း (၁,၀၀၀) ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အသိအမှတ်ပြုထားသည့် ဘဏ်တွင်သီးခြားငွေစာရင်းဖွင့်လှစ်၍ ထည့်သွင်းသိမ်းဆည်းထားရမည်။

(ဃ) လုပ်ငန်းသုံးမော်တော်ယာဉ်အရောင်းစင်တာ (Sale Centre) တွင် ရောင်းချမည့် မော်တော်ယာဉ်များကိုတင်သွင်းရာ၌ ငွေလွှဲစာတမ်းဖြင့် ပေးချေသည့်စနစ် (Letter of Credit –LC) သို့မဟုတ် ကြေးနန်းငွေလွှဲပို့နည်းစနစ် ( Telegraphic Transfer–TT) ဖြင့် တင်သွင်းနိုင်သည်။

( င ) မော်တော်ယာဉ်များကို တင်သွင်းရာတွင် တင်သွင်းခွင့်ပြုသည့် လိုင်စင်သက်တမ်းကာလအတွင်း ဆိပ်ကမ်း သို့မဟုတ် သက်ဆိုင်ရာ နယ်စပ်ကုန်သွယ်ရေးစခန်းအရောက် တင်သွင်းရမည်။

( စ ) လုပ်ငန်းသုံးမော်တော်ယာဉ် အရောင်းစင်တာတွင် ရောင်းချရန်အတွက် တင်သွင်းလိုသည့် မော်တော်ယာဉ်အရေအတွက်၊ ယာဉ်အမျိုးအစား၊ ထုတ်လုပ်ခုနှစ် (Model Year) တို့နှင့်စပ်လျဉ်း၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အခါအားလျော်စွာထုတ်ပြန်သည့် အရေအတွက်အတိုင်းသာ တင်သွင်းရမည်ဖြစ်ပြီး နှစ်စဉ်အတည်ပြုထုတ်ပြန်သော မော်တော်ယာဉ်အမျိုးအစားများနှင့် ထုတ်လုပ်သည့်ခုနှစ် (Model Year) များ အတိုင်းသာ တင်သွင်းရမည်။

(ဆ) တင်သွင်းလာသော မော်တော်ယာဉ်များကို သတ်မှတ်ထားသော မော်တော်ယာဉ်အရောင်းစင်တာတွင်သာ ထားရှိရမည်။ ယင်းအရောင်းစင်တာမှအပ ဝယ်သူအား ရောင်းချခြင်းမပြုမီ လမ်းများပေါ်တွင် မောင်းနှင်အသုံးပြုခြင်း လုံးဝ (လုံးဝ) မပြုလုပ်ရ။

( ဇ ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့များထံမှ လုပ်ငန်းလုပ်ကိုင်ခွင့်ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဈ) အရောင်းစင်တာ ဖွင့်လှစ်မည့်နေရာသည် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီရမည်-

(၁) လုပ်ငန်းသုံးမော်တော်ယာဉ် အရောင်းစင်တာ အကျယ်အဝန်းသည် အနည်းဆုံးစတုရန်းပေ ၉၀၀၀ ရှိရမည်။ လူနေအိမ် အဆောက်အအုံတွင် ဖွင့်လှစ်ထားခြင်းမဖြစ်ရ။

(၂) မော်တော်ယာဉ်များရပ်နား၍ ပြသရန်အတွက် အနည်းဆုံးအမိုးအကာ (၃) ဖက် ကာရံထားသော အရောင်းစင်တာ အဆောက်အအုံ စတုရန်းပေ ၃၀၀၀ ရှိရမည်။ (ဥပမာ – ၅၀ ပေ x ၆၀ ပေ)

(၃) အရောင်းစင်တာရုံးခန်းသည် စတုရန်းပေ ၃၀၀ ရှိရမည်။ ဧည့်နားနေခန်းသည် စတုရန်းပေ ၂၀၀ ရှိရမည်။

(၄) မြေပိုင်ဖြစ်လျှင် ကုမ္ပဏီဒါရိုက်တာတစ်ဦးဦး၏ နာမည်ပေါက်ဂရန် မူရင်းကိုလည်းကောင်း၊ မြေငှားဖြစ်လျှင် တံဆိပ်ခေါင်းကပ်ထားသည့်အငှားစာချုပ်မူရင်းအပေါ် စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားသည့်အထောက်အထားကိုလည်းကောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ တင်ပြရမည်ဖြစ်ပြီး အငှားစာချုပ်ဖြစ်လျှင် စာချုပ် မူရင်းတွင် ကုမ္ပဏီဒါရိုက်တာတစ်ဦးဦးက လက်မှတ်ရေးထိုးထားရမည်။

(၅) စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေပုဒ်မ ၁၆ အရ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို (၁) နှစ်ပြီး(၁)နှစ် ငှားရမ်းခြင်း၊ (၁) နှစ်ထက်ပို၍ ငှားရမ်းခြင်း၊ ငှားရမ်းခကို နှစ်အလိုက် သတ်မှတ်၍ ငှားရမ်းခြင်းစာချုပ်များအား စာချုပ်စာတမ်းများ မှတ်ပုံတင်ခြင်းကို မဖြစ်မနေ ဆောင်ရွက်ပြီးဖြစ်ရမည်။

(ည) အရောင်းစင်တာများမှရောင်းချသည့်မော်တော်ယာဉ်များအား ဝယ်ယူအသုံးပြုသူအနေဖြင့်စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် ဝယ်ယူခွင့်ပါမစ်ရရှိပြီးမှသာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနတွင် ကနဦးမှတ်ပုံတင်ခြင်း ဆောင်ရွက်ရမည်။

(ဋ) လုပ်ငန်းသုံးမော်တော်ယာဉ် အရောင်းစင်တာ ဖွင့်လှစ်ခွင့်ရရှိသည့်ကုမ္ပဏီသည် အရောင်းစင်တာ အတွက် ခွင့်ပြုထားသော တင်သွင်းခွင့်လိုင်စင်ကို တစ်ဦးတစ်ယောက်သို့ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း သို့မဟုတ် ရောင်းချခြင်းမပြုရ။

(ဌ) လုပ်ငန်းသုံးမော်တော်ယာဉ် အရောင်းစင်တာ ဖွင့်လှစ်သည့်ကုမ္ပဏီသည် Normal LC or TT စနစ်ဖြင့် တင်သွင်းခဲ့သည့် မော်တော်ယာဉ်များအား (၂) နှစ်အတွင်း အပြီးရောင်းချပြီး စာရင်းရှင်းလင်းခြင်း ဆောင်ရွက်ရမည်။

(ဍ) လုပ်ငန်းသုံးမော်တော်ယာဉ် အရောင်းစင်တာတွင် ရောင်းချရန် တင်သွင်းခဲ့သည့် မော်တော်ယာဉ် များနှင့် စပ်လျဉ်း၍ ထားရှိရမည့်စာရွက်စာတမ်း၊ လယ်ဂျာစာရင်းစာအုပ်စသည်တို့ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကဖြစ်စေ၊ ဝန်ကြီးဌာနက တာဝန်ပေးအပ်ထားသော အဖွဲ့အစည်းက ဖြစ်စေ အခါအားလျော်စွာ ဝင်ရောက်စစ်ဆေးခြင်းကို သက်ဆိုင်ရာလုပ်ငန်းရှင်မှ ခွင့်ပြုရမည်။

(ဎ) အရောင်းစင်တာလက်မှတ်၊ စီးပွားရေးအကျိုးဆောင် မှတ်ပုံတင်လက်မှတ်တို့ကို သက်တမ်းမကုန်မီ ၉၀ ရက်ကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားနိုင်ပြီး ထိုသို့ လျှောက်ထားရာတွင် ပြည်တွင်း အခွန်များဦးစီးဌာနက ထုတ်ပေးသည့် အခွန်ပေးဆောင်ပြီးကြောင်း အထောက်အထားပါရှိရမည်။

(ဏ) ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်း လုပ်ငန်းသုံးမော်တော်ယာဉ်အရောင်း စင်တာဖွင့်လှစ်လိုပါက မြို့တွင်းဧရိယာ (Downtown Area) ၏ ပြင်ပတွင် ဖွင့်လှစ်ခွင့်ပြုပါမည်။

၃။ ပြုပြင်ပြီး (Reconditioned) လုပ်ငန်းသုံးမော်တော်ယာဉ်များ တင်သွင်းရာတွင် အောက်ဖော်ပြပါ စည်းကမ်းချက်များနှင့်ကိုက်ညီအောင် ပြုပြင်ထားသည့် လုပ်ငန်းသုံးမော်တော်ယာဉ်များကိုသာ တင်သွင်း ရမည်-

(က) လိုအပ်သောအစိတ်အပိုင်းများကို ပြန်လည်အစားထိုးခြင်းအပါအဝင် အကောင်းပကတိပြည့်စုံကြောင်း စစ်ဆေးပြီး၊ တပ်ဆင်ပြီးသော အင်ဂျင်ဖြစ်ရမည်။(The engine must be tested and checked including the replacement of necessary parts, whether it is in good condition and completely adjusted or not.)

(ခ) လိုအပ်သောအစိတ်အပိုင်းများကို ပြန်လည်အစားထိုးခြင်းအပါအဝင် အပြည့်အဝဘေးအန္တရာယ် ကင်းရှင်းရန် ဘရိတ်များမှအစ အသေးစိတ်စစ်ဆေးပြီး ပြန်လည်ပြင်ဆင်ထားသည့်ယာဉ်အောက်ပိုင်း ဖြစ်ရမည်။ (The Chassis, including the break and necessary parts, must be overhauled and repaired for accident prevention.)

( ဂ ) ပြီးပြည့်စုံသည့်အနေအထားသို့ ရောက်သည်အထိ ဆေးသုတ်ပြုပြင်ထားသော ယာဉ်ကိုယ်ထည် ဖြစ်ရမည်။ (The body of vehicle must be completely repaired and painted.)

(ဃ) ယာဉ်အတွင်းပိုင်း သန့်ရှင်းရမည်။ (The interior of the vehicle must be cleaned.)

( င ) ဘက်ထရီနှင့် တာယာများ အသစ်ဖြစ်ရမည်။ (New battery and new tyres must be installed.)

( စ ) သက်ဆိုင်ရာဌာနများ၏ သတ်မှတ်ထားသော စံချိန်စံညွှန်းကိုက်ညီရမည်။ (ဥပမာ-လူနာတင်ယာဉ်၊ မီးသတ်ယာဉ်၊ အငှားယာဉ်တက္ကစီ) [The vehicle must be in conformity with the required standards prescribed by relevant agencies or ministries.(eg. Ambulance, fire engine, taxi...)]

၄။ အပိုဒ် ၂ နှင့် ၃ ပါ စည်းကမ်းချက်များအား လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၈/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၂၅ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ e – Government ဌာနခွဲမှ ဒေါ်အမာကြည်၊ လက်ထောက်အတွင်းဝန် [၈/မဘန (နိုင်) ၀၇၀၀၇၀]၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့်ကာလ (၄) လကို ၂၀၂၁ ခုနှစ်၊ မေလ ၁၈ ရက်နေ့ နံနက်ပိုင်းမှ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့ ညနေပိုင်းအထိ ခံစားခွင့်ပြုပြီး ခွင့်ကုန်ဆုံးသည့် နောက်တစ်နေ့ နံနက်ပိုင်းမှစတင်၍ နိုင်ငံ့ဝန်ထမ်းဥပဒေအခန်း (၁၂)၊ ပုဒ်မ ၅၆ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၉/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၃၁ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ အမိန့်အမှတ် ၈၃/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သည့် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီတွင် အတွင်းရေးမှူးအဖြစ် အစိုးရဝန်ထမ်း မဟုတ်သော ပြင်ပပုဂ္ဂိုလ် ဦးမိုးမြင့် ကို ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၃၀ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်-

**သတ်မှတ်သွင်းကုန်လိုင်စင်ကြေးနှုန်းထားဖြင့် ကောက်ခံရန် ကာလတိုးမြှင့်ခြင်း**

၁။ COVID-19 ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း ပြည်သူများ၏ စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးသည့် အနေဖြင့် နိုင်ငံတော်မှ အခွန်အခများကို ဖြေလျှော့ပေးလျက်ရှိရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး

ဝန်ကြီးဌာနအနေဖြင့် သွင်းကုန်လိုင်စင်ကြေးများကို လိုင်စင် (၁) စောင်လျှင် ကျပ် ၃၀၀၀၀ (ကျပ်သုံးသောင်း) နှုန်းဖြင့် ပြောင်းလဲကောက်ခံခြင်းအား ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၆ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိအား အမိန့်ကြော်ငြာစာအမှတ် ၂၃/၂၀၂၀ ဖြင့်လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိအား အမိန့်ကြော်ငြာစာအမှတ် ၆၄/၂၀၂၀ ဖြင့်လည်းကောင်း၊ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ဇန်နဝါရီလ ၃၁ ရက်နေ့အထိအား အမိန့်ကြော်ငြာစာအမှတ် ၈၅/၂၀၂၀ ဖြင့်လည်းကောင်း၊ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိအား အမိန့်ကြော်ငြာစာအမှတ် ၁၃/၂၀၂၁ ဖြင့်လည်းကောင်း၊ ၂၀၂၁ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အထိအား အမိန့်ကြော်ငြာစာအမှတ် ၂၀/၂၀၂၁ ဖြင့်လည်းကောင်း ထပ်မံထုတ်ပြန်၍ ကာလတိုးမြှင့် ဆောင်ရွက်ပေးခဲ့ပါသည်။

၂။ အဆိုပါ သွင်းကုန်လိုင်စင် (၁) စောင်လျှင် ကျပ် ၃၀၀၀၀ (ကျပ် သုံးသောင်း) နှုန်းဖြင့် ကောက်ခံခြင်းအား ၂၀၂၁ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့အထိ ထပ်မံ ကာလတိုးမြှင့်သတ်မှတ်လိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၁/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၁ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးအောင် [၈/ထလန(နိုင်) ၀၀၇၈၄၉] အား မူပိုင်ခွင့်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးအဆင့်သို့ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့မှစ၍ တိုးမြှင့် ခန့်ထားလိုက်သည်။

ဒေါက်တာပွင့်ဆန်း

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပညာရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၈၂/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၅ ရက်)

၂၀၂၁ ခုနှစ်၊ မတ်လ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၁) အစီအစဉ် [၁၁(က)] ၌ သဘောတူဆုံးဖြတ်ချက်အရ အဆင့်မြင့်ပညာ ဦးစီးဌာန၊ ပခုက္ကူတက္ကသိုလ်မှ ဌာနမှူး (စီမံ/ဘဏ္ဍာ)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ဒေါ်နှင်းမူ အား နည်းပညာတက္ကသိုလ်(ပင်လုံ)မှ၊ ဒုတိယပါမောက္ခချုပ် ရာထူးကိုရယူ၍ လေ့လာဆန်းစစ်အကဲဖြတ်ရေး အဖွဲ့ (ပညာရေး) တွင် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဖြစ် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၁/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၁၈ ရက်)

၂၀၂၁ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၁) အစီအစဉ် (၆-ခ) ၌ သဘောတူဆုံးဖြတ်ချက်အရ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ ရောဝတီတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး (စီမံ)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ဦးတင်လှိုင် အား အဆိုပါ တိုင်းဒေသကြီး ပညာရေးမှူးရုံးတွင် လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဖြစ် အလုပ်တာဝန်ဝတ္တရားများ စတင် ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၈/၂၀၂၁)**

၂၀၂၁ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၁) အစီအစဉ် (၆-ဌ) ၌ သဘောတူဆုံးဖြတ်ချက်အရ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ စီမံကိန်းဌာနမှ ညွှန်ကြားရေးမှူး (စီမံကိန်း)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါ်အေးအေးမွန်ဦး အား ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ စီမံကိန်း/စာရင်းအင်းနှင့် သတင်းအချက်အလက်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံကိန်း)၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဖြစ် ၂၀၂၁ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၉/၂၀၂၁)**

၂၀၂၁ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၁) အစီအစဉ် (၆-ဌ) ၌ သဘောတူဆုံးဖြတ်ချက်အရ ပညာရေး သုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) (၉) ဦးအား ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဖြစ် ၂၀၂၁ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့မှစ၍ ရာထူးတိုးမြှင့် ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|---|
| (က) | ဒေါက်တာအေးသီတာစိုး | ဒုတိယညွှန်ကြားရေးမှူး သုတေသနဌာနခွဲ | ညွှန်ကြားရေးမှူး သုတေသနဌာနခွဲ |
| (ခ) | ဦးကျော်စွာလင်း | ဒုတိယညွှန်ကြားရေးမှူး ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (ဝန်ကြီးရုံး၏အင်ဂျင်နီယာမှူးကြီးရာထူး) | ညွှန်ကြားရေးမှူး နိုင်ငံတကာဆက်ဆံရေးနှင့် ပညာသင်ရေးရာဌာနခွဲ |
| (ဂ) | ဒေါ်ခင်ယုံ | ဒုတိယညွှန်ကြားရေးမှူး စီမံကိန်းဌာနခွဲ | ညွှန်ကြားရေးမှူး စီမံကိန်းဌာနခွဲ |
| (ဃ) | ဦးစိုးကျော်သူ | ဒုတိယညွှန်ကြားရေးမှူး စာရင်းအင်းနှင့် သတင်း အချက်အလက်ဌာနခွဲ | ညွှန်ကြားရေးမှူး စာရင်းအင်းနှင့် သတင်း အချက်အလက်ဌာနခွဲ (အဆင့်မြင့်ပညာဦးစီးဌာန၊ တောင်ငူတက္ကသိုလ်၊ မိုးလေဝသနှင့် ဇလဗေဒဌာန၊ ပါမောက္ခရာထူးရယူ၍) |

| စဉ် | အမည် | လက်ရှိရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|---|
| ( င ) | ဦးမင်းဇော်ဦး | ဒုတိယညွှန်ကြားရေးမှူး စာရင်းအင်းနှင့် သတင်း အချက်အလက်ဌာနခွဲ | ညွှန်ကြားရေးမှူး စာရင်းအင်းနှင့် သတင်း အချက်အလက်ဌာနခွဲ (အဆင့်မြင့်ပညာဦးစီးဌာန၊ စစ်တွေတက္ကသိုလ်၊ မိုးလေဝသနှင့် ဇလဗေဒဌာန၊ ပါမောက္ခရာထူးရယူ၍) |
| ( စ ) | ဒေါက်တာငွေးငွေးဝင်း | ဒုတိယညွှန်ကြားရေးမှူး လေ့ကျင့်ရေးနှင့် သင်ရိုးဌာနခွဲ | ညွှန်ကြားရေးမှူး သင်ရိုးဌာနခွဲ |
| (ဆ) | ဒေါ်ခင်စန္ဒာလွင် | ဒုတိယညွှန်ကြားရေးမှူး လေ့ကျင့်ရေးနှင့် သင်ရိုးဌာနခွဲ (ညွှန်ကြားရေးမှူးရာထူး ကျောထောက်) | ညွှန်ကြားရေးမှူး သင်ရိုးဌာနခွဲ |
| ( ဇ ) | ဦးကျော်ထွန်းနိုင် | ဒုတိယညွှန်ကြားရေးမှူး စီမံဌာနခွဲ | ညွှန်ကြားရေးမှူး စီမံဌာနခွဲ [ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ဘဏ္ဍာ)ရာထူး ကျောထောက်] |
| (ဈ) | ဒေါ်ခင်သန္တာဝင်း | ဒုတိယညွှန်ကြားရေးမှူး ဘဏ္ဍာဌာနခွဲ | ညွှန်ကြားရေးမှူး ဘဏ္ဍာဌာနခွဲ |

## အမိန့်ကြော်ငြာစာအမှတ် (၁၂၂/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၂၄ ရက်)

## အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ Corruption Prevention Unit (CPU) အား အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်ပြီး ယခင်ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် အမိန့်ကြော်ငြာစာအမှတ် (၄၆၀/၂၀၂၀) ကို ဤအမိန့်စာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်-

| စဉ် | အမည်၊ ရာထူး | ဌာန | တာဝန် |
|---|---|---|---|
| (က) | ဒေါက်တာဝင်းထွန်း ညွှန်ကြားရေးမှူးချုပ် | ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ခေါင်းဆောင် |
| ( ခ ) | ဦးကျော်စွာသွင် ဒုတိယညွှန်ကြားရေးမှူးချုပ် | အခြေခံပညာဦးစီးဌာန | ဒုတိယအဖွဲ့ခေါင်းဆောင် |
| ( ဂ ) | ဒေါက်တာဒေါ်မေစန်းရီ ဒုတိယညွှန်ကြားရေးမှူးချုပ် | အဆင့်မြင့်ပညာဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒေါက်တာကျော်ဝင်းစိုး ညွှန်ကြားရေးမှူး | အခြေခံပညာဦးစီးဌာန | အဖွဲ့ဝင် |

| စဉ် | အမည်၊ ရာထူး | ဌာန | တာဝန် |
|---|---|---|---|
| ( င ) | ဒေါက်တာဝင်းကြည်မြ ညွှန်ကြားရေးမှူး | အဆင့်မြင့်ပညာဦးစီးဌာန | အဖွဲ့ဝင် |

၂။ ပညာရေးဝန်ကြီးဌာန **အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU)** ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) အဂတိလိုက်စားသော ပြစ်မှုလုံးဝမကျူးလွန်မိစေရန် ဌာနများ၌ အဂတိလိုက်စားမှုပြဿနာပေါ်ပေါက်နိုင်သော အခြေအနေများကို ကြိုတင်စိစစ်ဖော်ထုတ်ရန်၊

( ခ ) ဌာနဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ စည်းမျဉ်း စည်းကမ်း လုပ်ထုံးလုပ်နည်း အမိန့်ညွှန်ကြားချက်များတွင် အဂတိလိုက်စားမှု ဖြစ်နိုင်ခြေ (ဂယ်ပေါက်များ) ရှိ မရှိ ဆန်းစစ်အကဲဖြတ်ရန်၊

( ဂ ) ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အဖွဲ့ငယ်များ ဖွဲ့စည်းပေးပြီး ချိတ်ဆက်ဆောင်ရွက်ရန်၊

(ဃ) အဂတိလိုက်စားမှုဖြစ်နိုင်သော (ဂယ်ပေါက်များ) အား စနစ်တကျ ပိတ်ဆို့ထိန်းချုပ်ရန်အတွက် စည်းမျဉ်း စည်းကမ်းဥပဒေများနှင့်အညီ ဆောင်ရွက်ရန်၊

( င ) အဂတိလိုက်စားမှု ဖြစ်ပေါ်လာပါက ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်ရန်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၃၂/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၃၁ ရက်)

ပညာရေးဝန်ကြီးဌာန၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀–၄,၀၀၀–၃၆၁,၀၀၀) (၄) ဦးအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါဌာနများသို့ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀–၄,၀၀၀–၃၉၄,၀၀၀) အဖြစ် ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်–

| စဉ် | အမည် | လက်ရှိရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|---|
| (က) | ဒေါက်တာနှင်းယုလွင် | ဒုတိယညွှန်ကြားရေးမှူး ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာန | ညွှန်ကြားရေးမှူး ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးဦးစီးဌာန |
| ( ခ ) | ဒေါ်အိဖြိုးဝင်း | ဒုတိယညွှန်ကြားရေးမှူး ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးဦးစီးဌာန | ညွှန်ကြားရေးမှူး ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးဦးစီးဌာန |
| ( ဂ ) | ဒေါ်ခင်နှင်းရီ | ဒုတိယညွှန်ကြားရေးမှူး ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာန | ညွှန်ကြားရေးမှူး ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာန(အဆင့်မြင့်ပညာဦးစီးဌာန၊ ပင်လုံတက္ကသိုလ်၊ မိုးလေဝသနှင့် ဇလဗေဒဌာနမှ ပါမောက္ခရာထူးကိုရယူ၍) |

| စဉ် | အမည် | လက်ရှိရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|---|
| (ဃ) | ဒေါ်မိုးမိုးကျော်မင်း | ဒုတိယညွှန်ကြားရေးမှူး ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာန | ညွှန်ကြားရေးမှူး ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာန(အဆင့်မြင့် ပညာဦးစီးဌာန၊ မြစ်ကြီးနားတက္ကသိုလ် မိုးလေဝသနှင့် ဇလဗေဒဌာနမှ ပါမောက္ခရာထူးကိုရယူ၍) |

ဒေါက်တာညွှန့်ဖေ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၂၁)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်
(၂၀၂၁ ခုနှစ်၊ မတ်လ ၈ ရက်)

၂၀၂၁ ခုနှစ်၊ မတ်လ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၁) ၏ သဘောတူခွင့်ပြုချက်အရ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ အောက်ဖော်ပြပါ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)၊ ဒုတိယညွှန်ကြားရေးမှူး (၂) ဦးအား လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ညွှန်ကြားရေးမှူး ရာထူးနေရာသို့ ၎င်းတို့နှင့် ယှဉ်တွဲပါနေရာများတွင် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်သည့် ရာထူး၊ ဌာန | တိုးမြှင့်တာဝန်ပေးအပ်မည့် ရာထူး၊ ဌာန |
|---|---|---|---|
| (က) | ဦးစိုးလှိုင် | ဒုတိယညွှန်ကြားရေးမှူး စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူးရုံး၊ မုံရွာမြို့ | ညွှန်ကြားရေးမှူး စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူးရုံး၊ မုံရွာမြို့ |
| ( ခ ) | ဦးသူရိန်ထွန်း | ဒုတိယညွှန်ကြားရေးမှူး စီမံ-၂ (ပြင်/ထိန်း)ဌာန (ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ တွဲဖက်) ရုံးချုပ် | ညွှန်ကြားရေးမှူး ပြည်ထောင်စုနယ်မြေ နေပြည်တော်တိုင်းဦးစီးမှူးရုံး ရုံးချုပ် (တွဲဖက်) |

ဒေါက်တာ သက်သက်ခိုင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက် (၂၀၂၁ ခုနှစ်၊ မေလ ၇ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### အားကစားနှင့် ကာယပညာဦးစီးဌာန

**အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၁၇ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောတူညီချက်အရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ ဌာနခွဲများနှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ အောက်ဖော်ပြပါ နည်းပြ/နည်းပြ(နည်းစနစ်) လစာနှုန်း (၂၁၆,၀၀၀–၂၀၀၀–၂၂၆,၀၀၀) (၉၀) ဦးအား အားကစားမှူး လစာနှုန်း (၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀) ရာထူးနေရာများသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်ပြီး ယှဉ်တွဲပါ ဌာနခွဲ/ဒေသများတွင် တာဝန်ထမ်းဆောင်စေလိုက်သည်–

| စဉ် | အမည်၊ ရာထူး<br>ဌာနခွဲ၊ ဒေသ | တိုးမြှင့်ခန့်အပ်သည့်ရာထူး<br>ဌာနခွဲ၊ ဒေသ |
|---|---|---|
| ၁။ | ဦးပြည့်ဝေဖြိုး<br>နည်းပြ(နည်းစနစ်)<br>ယှဉ်ပြိုင်/လေ့ကျင့်ဌာနခွဲ(၁) | အားကစားမှူး<br>ယှဉ်ပြိုင်/လေ့ကျင့်ဌာနခွဲ(၁) |
| ၂။ | ဒေါ်မျိုးမျိုးထွေး<br>နည်းပြ(နည်းစနစ်)<br>ယှဉ်ပြိုင်/လေ့ကျင့်ဌာနခွဲ(၁) | အားကစားမှူး<br>မန္တလေးတိုင်းဒေသကြီး<br>(ရမည်းသင်းမြို့နယ်) |
| ၃။ | ဒေါ်အေးအေးအောင်<br>နည်းပြ(နည်းစနစ်)<br>ယှဉ်ပြိုင်/လေ့ကျင့်ဌာနခွဲ(၂) | အားကစားမှူး<br>အားကစားနှင့်ပညာရေးပေါင်းစပ်ဌာနခွဲ |
| ၄။ | ဦးပြည့်ဖြိုးအောင်<br>နည်းပြ(နည်းစနစ်)<br>ယှဉ်ပြိုင်/လေ့ကျင့်ဌာနခွဲ(၂) | အားကစားမှူး<br>ပြည်ထောင်စုနယ်မြေ<br>(လယ်ဝေးမြို့နယ်) |

| စဉ် | အမည်၊ ရာထူး<br>ဌာနခွဲ၊ ဒေသ | တိုးမြှင့်ခန့်အပ်သည့်ရာထူး<br>ဌာနခွဲ၊ ဒေသ |
|---|---|---|
| ၅။ | ဒေါ်လင်းလင်းဇော်<br>နည်းပြ(နည်းစနစ်)<br>ယှဉ်ပြိုင်/လေ့ကျင့်ဌာနခွဲ(၂) | အားကစားမှူး<br>ကယားပြည်နယ်<br>(ရှားတောမြို့နယ်) |
| ၆။ | ဒေါ်တင့်တင့်ဝင်း<br>နည်းပြ(နည်းစနစ်)<br>ယှဉ်ပြိုင်/လေ့ကျင့်ဌာနခွဲ(၂) | အားကစားမှူး<br>မန္တလေးတိုင်းဒေသကြီး<br>(ပုဂံ/ညောင်ဦးခရိုင်) |
| ၇။ | ဒေါ်ဇူလိုင်မွေး<br>နည်းပြ(နည်းစနစ်)<br>ယှဉ်ပြိုင်/လေ့ကျင့်ဌာနခွဲ(၂) | အားကစားမှူး<br>ရန်ကုန်တိုင်းဒေသကြီး<br>(ကမာရွတ်မြို့နယ်) |
| ၈။ | ဒေါ်အေးအေးသင်း<br>နည်းပြ(နည်းစနစ်)<br>အားကစားနှင့်ပညာရေးပေါင်းစပ်<br>ဌာနခွဲ(သိပ္ပံ-မန္တလေးတွဲ) | အားကစားမှူး<br>အားကစားနှင့်ပညာရေးပေါင်းစပ်ဌာနခွဲ |
| ၉။ | ဒေါ်ဥမ္မာဖြိုး<br>နည်းပြ(နည်းစနစ်)<br>အားကစားနှင့်ပညာရေးပေါင်းစပ်<br>ဌာနခွဲ၊ ယှဉ်/လေ့-၂တွဲ | အားကစားမှူး<br>အားကစားနှင့်ပညာရေးပေါင်းစပ်ဌာနခွဲ |
| ၁၀။ | ဒေါ်ယောစိမ်းယ<br>နည်းပြ(နည်းစနစ်)<br>အားကစားနှင့်ပညာရေးပေါင်းစပ်ဌာနခွဲ | အားကစားမှူး<br>အား/ကာသိပ္ပံ(ဟားခါး) |
| ၁၁။ | ဒေါ်နယ်လီ<br>နည်းပြ(နည်းစနစ်)<br>အားကစားနှင့်ပညာရေးပေါင်းစပ်ဌာနခွဲ | အားကစားမှူး<br>အား/ကာသိပ္ပံ(ဟားခါး) |
| ၁၂။ | ဒေါ်ဆုမွန်ထက်<br>နည်းပြ(နည်းစနစ်)<br>အားကစားနှင့်ပညာရေးပေါင်းစပ်ဌာနခွဲ | အားကစားမှူး<br>အား/ကာသိပ္ပံ(စစ်တွေ) |
| ၁၃။ | ဒေါ်မေရီ<br>နည်းပြ(နည်းစနစ်)<br>အားကစားနှင့်ပညာရေးပေါင်းစပ်ဌာနခွဲ | အားကစားမှူး<br>ပြည်ထောင်စုနယ်မြေ<br>(ဥတ္တရခရိုင်) |
| ၁၄။ | ဒေါ်စုမြတ်ခိုင်<br>နည်းပြ(နည်းစနစ်)<br>အားကစားနှင့်ပညာရေးပေါင်းစပ်ဌာနခွဲ<br>(ယှဉ်/လေ့-၂တွဲ) | အားကစားမှူး<br>မကွေးတိုင်းဒေသကြီး<br>(ရေစကြိုမြို့နယ်) |
| ၁၅။ | ဒေါ်လှလှစံ<br>နည်းပြ(နည်းစနစ်)<br>အားကစားနှင့်ပညာရေးပေါင်းစပ်ဌာနခွဲ | အားကစားမှူး<br>မကွေးတိုင်းဒေသကြီး<br>(ငဖဲမြို့နယ်) |

| စဉ် | အမည်၊ ရာထူး<br>ဌာနခွဲ၊ ဒေသ | တိုးမြှင့်ခန့်အပ်သည့်ရာထူး<br>ဌာနခွဲ၊ ဒေသ |
|---|---|---|
| ၁၆။ | ဒေါ်ဇာခြည်ဝင်း<br>နည်းပြ(နည်းစနစ်)<br>အားကစားနှင့်ပညာရေးပေါင်းစပ်ဌာနခွဲ | အားကစားမှူး<br>ရန်ကုန်တိုင်းဒေသကြီး<br>(ပုဇွန်တောင်မြို့နယ်) |
| ၁၇။ | ဦးဇော်ထိုက်အောင်<br>နည်းပြ(နည်းစနစ်)<br>အားကစားနှင့်ပညာရေးပေါင်းစပ်ဌာနခွဲ | အားကစားမှူး<br>ရန်ကုန်တိုင်းဒေသကြီး<br>(လှိုင်သာယာအနောက်ပိုင်းမြို့နယ်) |
| ၁၈။ | ဦးအောင်မျိုးသူ(၂)<br>နည်းပြ(နည်းစနစ်)<br>အားကစားနှင့်ပညာရေးပေါင်းစပ်ဌာနခွဲ | အားကစားမှူး<br>ရှမ်းပြည်နယ်<br>(မိုင်းပြင်းမြို့နယ်) |
| ၁၉။ | ဦးနေလင်းဦး<br>နည်းပြ(နည်းစနစ်)<br>အား/ကာသိပ္ပံ(ရန်ကုန်) | အားကစားမှူး<br>ပဲခူးတိုင်းဒေသကြီး<br>(ဒိုက်ဦးမြို့နယ်) |
| ၂၀။ | ဦးဇော်မိုးထက်<br>နည်းပြ(နည်းစနစ်)<br>အား/ကာသိပ္ပံ(ရန်ကုန်) | အားကစားမှူး<br>ရန်ကုန်တိုင်းဒေသကြီး<br>(ပန်းဘဲတန်းမြို့နယ်) |
| ၂၁။ | ဒေါ်အောင်မာဝင်း<br>နည်းပြ(နည်းစနစ်)<br>အား/ကာသိပ္ပံ(ရန်ကုန်) | အားကစားမှူး<br>ရန်ကုန်တိုင်းဒေသကြီး<br>(ဗဟန်းမြို့နယ်) |
| ၂၂။ | ဦးဇော်ဇော်နိုင်<br>နည်းပြ(နည်းစနစ်)<br>အား/ကာသိပ္ပံ(ရန်ကုန်) | အားကစားမှူး<br>ရန်ကုန်တိုင်းဒေသကြီး<br>(ထန်းတပင်မြို့နယ်) |
| ၂၃။ | ဒေါ်မင်းမင်းအောင်<br>နည်းပြ<br>အား/ကာသိပ္ပံ(မန္တလေး) | အားကစားမှူး<br>အား/ကာသိပ္ပံ(မော်လမြိုင်) |
| ၂၄။ | ဒေါ်ခိုင်နှင်းသန့်<br>နည်းပြ<br>အား/ကာသိပ္ပံ(မန္တလေး) | အားကစားမှူး<br>အား/ကာသိပ္ပံ(လွိုင်ကော်) |
| ၂၅။ | ဒေါ်ဇင်မာဦး<br>နည်းပြ<br>အား/ကာသိပ္ပံ(မန္တလေး) | အားကစားမှူး<br>မကွေးတိုင်းဒေသကြီး<br>(မင်းဘူးခရိုင်) |
| ၂၆။ | ဒေါ်စုမြတ်မွန်<br>နည်းပြ(နည်းစနစ်)<br>အား/ကာသိပ္ပံ(မော်လမြိုင်) | အားကစားမှူး<br>အား/ကာသိပ္ပံ(မော်လမြိုင်) |
| ၂၇။ | ဦးမြတ်သန်းထိုက်<br>နည်းပြ<br>အား/ကာသိပ္ပံ(မော်လမြိုင်) | အားကစားမှူး<br>အား/ကာသိပ္ပံ(မော်လမြိုင်) |

| စဉ် | အမည်၊ ရာထူး ဌာနခွဲ၊ ဒေသ | တိုးမြှင့်ခန့်အပ်သည့်ရာထူး ဌာနခွဲ၊ ဒေသ |
|---|---|---|
| ၂၈။ | ဦးဝင်းနီ<br>နည်းပြ(နည်းစနစ်)<br>အား/ကာသိပ္ပံ(မော်လမြိုင်) | အားကစားမှူး<br>အား/ကာသိပ္ပံ(မော်လမြိုင်) |
| ၂၉။ | ဒေါ်ဖူးမို့မို့ထက်<br>နည်းပြ(နည်းစနစ်)<br>အား/ကာသိပ္ပံ(မော်လမြိုင်) | အားကစားမှူး<br>မန္တလေးတိုင်းဒေသကြီး<br>(ပျော်ဘွယ်မြို့နယ်) |
